ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (29-12-2007) (၅၅၄၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အရွေးချယ်ခံရသည့် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်   ဒီဇင်ဘာ   ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတအဖြစ် ပြန်လည်အရွေးချယ်ခံရသည့် မစ္စတာ အစ္စလမ်၊ အေ၊ ကာရီမော့(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အသက်ရှည်ပြီးအနာမဲ့ဖို့အတွက် ကျန်းမာရေးဆိုင်ရာအသိပညာပေးမှုနဲ့ ကြိုတင်ကာကွယ်မှုဟာ အရေးအကြီးဆုံးဖြစ် ဈေးကွက်ထဲက အချို့သောဆေးဝါးတွေဟာ စံမမီခြင်း၊ ထိရောက်မှုမရှိခြင်းနဲ့ အခြားဆိုးကျိုးများ ဖြစ်ပေါ်စေတတ်ခြင်းတို့ကြောင့် အရှေ့တိုင်းနိုင်ငံတွေဟာ ဆေးဝါးကဏ္ဍမှာ ပြည်ပအမှီအခိုကင်းရေး ဆောင်ရွက်လာ ဒို့နိုင်ငံအနေနဲ့လဲ ထိရောက်တဲ့ကုသမှုတွေအတွက် ပြည်တွင်းကထုတ်လုပ်တဲ့ဆေးဝါးတွေကို အားကိုးနိုင်ဖို့လိုအပ်

နေပြည်တော်   ဒီဇင်ဘာ   ၂၈

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ရဲဘော်တို့-

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲအခမ်းအနားမှာ ရဲဘော်တို့ကို နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ တပ်မတော်ဆေးဘက်ဆိုင်ရာ တာဝန်တွေအတွက် မှာကြားစရာရှိတာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့-

နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် ရဲဘော်တို့ကို ခြေလျင်တပ်စုမှူးအဆင့် စစ်ပညာနဲ့ စစ်ဘက်ခေါင်းဆောင်မှုဘာသာရပ်တွေကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်တယ်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းဆောင်ခဲ့ကြလို့ သူရသတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တွေရရှိခဲ့ကြတဲ့ အစဉ်အလာရှိတယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဒီအစဉ်အလာကို စောင့်ထိန်းပြီး လိုအပ်လာရင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တိုက်ပွဲဝင်နိုင်စွမ်းရှိကြရမယ်။

ဒါ့အပြင် စစ်ဘက်ခေါင်းဆောင်ငယ်များဖြစ်ကြတဲ့ ရဲဘော်တို့ဟာ မိမိကိုယ်မိမိ ခေါင်းဆောင်မှုအရည်အသွေးတွေနဲ့ပြည့်စုံအောင် တည်ဆောက်ရမယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၉-၁၂-၂၀၀၇
(စနေနေ့)

သဘာဝနေရောင်ခြည်စွမ်းအင်ရယူ အသက်ရှည်ကျန်းမာရေး နေ့စဉ်လမ်းလျှောက်

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားရေးကို အထောက်အကူပြုသည်။ လူတိုင်း လူတိုင်း အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် ကျန်းမာကြံ့ခိုင်ရေးကို အလေးထားကြရမည်ဖြစ်သည်။

လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်တွင်းရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များ လိုအပ်သည်။ ဗီတာမင်ဒီသည် အရိုးနှင့်အဆစ်များ သန်စွမ်းရေးအတွက်အရေးပါသည်။ ထို့အပြင် ကိုယ်ခံအားကောင်းမွန်စေပြီး ကြွက်သားများကို သန်စွမ်းစေသည်။ သုတေသနတွေ့ရှိချက်များအရ အချို့သောရောဂါများကို ကာကွယ်ကုသနိုင်ရုံမျှမက အိုမင်းရင့်ရော်ခြင်းကိုလည်း တားဆီးနိုင်ကြောင်း သိရသည်။

နံနက်ပိုင်း၌ ၁၅မိနစ်ခန့် နေပူစာလှုံခြင်းဖြင့် သဘာဝနေရောင်ခြည်စွမ်းအင်မှ ကိုယ်ခန္ဓာအတွက် လုံလောက်သော ဗီတာမင်ဒီကိုရရှိစေသည်။ ရောင်စုံအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ သဘာဝရေငန်ငါးများ မှန်မှန်စားသုံးခြင်းတို့သည် ကျန်းမာရေးအတွက် ပိုမိုအကျိုးသက်ရောက်မှုရရှိစေမည်ဖြစ်သည်။ ဗီတာမင်ဒီချို့တဲ့ပါက သွေးတိုး၊ အဝလွန်ရောဂါ၊ ဆီးချိုနှင့် နှလုံးသွေးကြောကျဉ်းရောဂါများဖြစ်နိုင်သဖြင့် ဗီတာမင်ဒီပုံမှန်ရရှိနေစေရေး ဂရုပြုနေထိုင်စားသောက်ကြရန် လိုအပ်သည်။

အရွယ်ရောက်သူတစ်ဦးသည် နေ့စဉ်နာရီဝက်ခန့် လမ်းလျှောက်ခြင်းဖြင့် အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေသည်။ ထို့အပြင် သွေးအတွင်းသကြားဓာတ်နှင့် အဆီကျစေသည့်အပြင် နှလုံးရောဂါ၊ ဆီးချိုရောဂါများ ဝင်ရောက်မလာစေရန်လည်း ကြိုတင်ကာကွယ်နိုင်သည်။

အထူးသဖြင့် နံနက်တိုင်း သန့်ရှင်းလတ်ဆတ်သည့်လေကို ရှူရှိုက်ရင်း နေရောင်ခြည်အောက်တွင် လမ်းလျှောက်ကြခြင်းဖြင့် နေရောင်ခြည်သဘာဝစွမ်းအင်လည်းရရှိ၊ အရိုးအဆစ်များလည်း သန်စွမ်းကာ ရောဂါဘယများ ကင်းဝေးနိုင်မည်ဖြစ်သည်။ လူတိုင်းအတွက် ငွေကုန်ကြေးကျ အသက်သာဆုံးနှင့် အကောင်းဆုံးလေ့ကျင့်ခန်းတစ်ခုဖြစ်သည့် ကိုယ်လက်လှုပ်ရှားလမ်းလျှောက်ခြင်းကို နေ့စဉ်ဆောင်ရွက်ကြခြင်းဖြင့် နုပျိုရွှင်လန်းကျန်းမာခြင်းသုခနှင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေ နှစ်ဧကေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး မန္တလေးလမ်းနေ (ဦးညွန့်ဆွေ)- ဒေါ်ခင်သိန်းထွန်း (ကျောက်ဆည်)မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကလျာဏ (နာလန္ဒာ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၁လမ်းနေ ဦးမြသောင်း မွေးနေ့အလှူအဖြစ် သား၊ သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက်အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နီ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ ဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်လယ်ဝေးမြို့နယ် ကျောက်တစ်လုံးကျောင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်း ရေစက်ချလှူဒါန်းပွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးတို့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် လယ်ဝေးမြို့နယ် ကျောက်တစ်လုံးကျောင်းစုကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချလှူဒါန်းပွဲအခမ်းအနား၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်ပွဲနှင့် ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာတမ်းများ လှူဒါန်းပွဲအခမ်းအနားများသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်ဇနီးတို့သည် သက်တော် ၉၇ နှစ်၊ ဝါတော် ၇၇ ဝါရှိ ကျောက်တစ်လုံးကျောင်းစု ကျေးရွာ ဆရာတော်ဘဒ္ဒန္တဝဏ္ဏသာမိအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောက်တစ်လုံးကျောင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်းပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချလှူဒါန်းပွဲ အခမ်းအနား ကျင်းပရာ နေပြည်တော် လယ်ဝေးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘုရားကြီးကျောင်းတိုက် ပဓာနနာယက ဆရာတော်မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တအရိယဝံသထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာကြားကြသည်။

ယင်းနောက် တိုင်းမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော် သံဃာတော်များအား တိုင်းမှူး၊ ဇနီးနှင့် ပရိသတ်တို့က လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒမ္မထံမှ တိုင်းမှူးနှင့် ပရိသတ်တို့က အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဖွင့်ပွဲကို ကျင်းပရာ ရှေးဦးစွာ နေပြည်တော် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် နေပြည်တော် ပျဉ်းမနား ခုတင် ၂၀၀ ဆံ့ ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုတို့က ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နေပြည်တော်လယ်ဝေးမြို့နယ် ဆရာဝန်ကြီး ဒေါက်တာစိုးစိုးနိုင်က တိုင်းမှူးနှင့် တာဝန်ရှိသူများထံ အထိမ်းအမှတ်အလံများကို ပေးအပ်ပြီး တိုင်းမှူးသည် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။ ဆက်လက်၍ ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာတမ်းများ လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းကျော်ထံ ပေးအပ်သည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ ဘုန်းတော်ကြီးကျောင်းဆောင်သစ်အတွက် ခရိုင်နှင့် မြို့နယ်အတွင်းမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများက ငွေကျပ် ၁၆၉သိန်း ထည့်ဝင်လှူဒါန်း ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ငွေကျပ် ၄၂ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးတို့ နေပြည်တော်လယ်ဝေး ကျောက်တစ်လုံးကျောင်းစုကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းပြီးမြောက်ခြင်း အထိမ်းအမှတ် ရေစက်ချလှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်းအရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ (Y.P.I)အထည်ချုပ်စက်ရုံဝန်ထမ်းများမှ အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် ညနေ ၂ နာရီခွဲက သုဝဏ္ဏ ၂၉ ရပ်ကွက် ကမာကြည်လမ်း (Y.P.I) စက်ရုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တက်ရောက်ချီးမြှင့်ပေးသည်။

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားသည်။

ယင်းနောက် စက်ရုံမန်နေဂျာ ဦးစိုးမင်းထွန်းက အသင်းဝင် အဆိုပြုလွှာအစောင် ၆၇၀ကို ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အသင်းဝင်ကတ်ပြား ၆၇၀ကို စက်ရုံမန်နေဂျာ ဦးစိုးမင်းထွန်းထံ ပြန်လည်ပေးအပ်လိုက်သည်။

(အောက်ပုံ)(၅၀၆)

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ ရည်မှန်းချက်ဟာ ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်ဖြစ် ဒီရည်မှန်းချက်ကို စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အကောင်အထည်ဖော်

ဗိုလ်လောင်း တပ်ခွဲများ စစ်ဆေး

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။

(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

မှန်ကန်တဲ့ ခေါင်းဆောင်မှုကိုလဲ ပေးတတ်ရမယ်၊ မှန်ကန်တဲ့ ခေါင်းဆောင်မှုဆိုတာဟာ မိမိကိုယ်တိုင်က ယုံကြည်ချက် ခံယူချက်ခိုင်မာပြီး လုပ်ရည်ကိုင်ရည်ရှိခြင်းနဲ့ လက်အောက်ခံ တပ်ဖွဲ့ဝင်တွေကိုလဲ စိတ်ဓာတ်ကောင်းအောင်၊ စည်းကမ်းကောင်းအောင်၊ စွမ်းရည်ရှိအောင်၊ စည်းလုံးညီညွတ်အောင် တည်ဆောက်ပြီး မိမိရဲ့စွမ်းရည်သုံးရပ်နောက်ကို လိုက်ပါလာအောင် ဆောင်ရွက်ခြင်းတို့ပဲဖြစ်တယ်။

ရဲဘော်တို့–

စွမ်းရည်သုံးရပ်နဲ့ ပတ်သက်လို့ ဆက်လက်ပြောကြားရရင် စစ်ရေးစွမ်းရည်ဆိုတာဟာ စစ်ဘက်အခြေခံ သဘောတရားတွေ၊ စစ်ဘက်ဥပဒေသတွေကို လက်ငင်းရင်ဆိုင်ရမယ့် အခြေအနေအရပ်ရပ်နဲ့ နှိုင်းချိန်ပြီး အောင်မြင်အောင် ကျင့်သုံးနိုင်ခြင်းပဲဖြစ်တယ်။

အုပ်ချုပ်ရေးစွမ်းရည်နဲ့ ပတ်သက်လို့ ပြောကြားရရင် စစ်ဦးစီး၊ စစ်ရေးနဲ့ စစ်ထောက်ဆိုင်ရာ လုပ်ငန်းတွေကို အကွက်စေ့အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်တယ်။ အုပ်ချုပ်ရေးခိုင်မာမှ စစ်ရေးအောင်မြင်မှာဖြစ်တဲ့အတွက် အဆင့်ဆင့်သော ခေါင်းဆောင်တိုင်းက အုပ်ချုပ်ရေးကို ဂရုတစိုက် လုပ်ဆောင်တတ်ဖို့ လိုအပ်တယ်။

စည်းရုံးရေး စွမ်းရည်ဆိုတာဟာ အမျိုးသားနိုင်ငံရေး ယုံကြည်ချက်တစ်ရပ်ကို မိမိနဲ့ထိတွေ့ရတဲ့ လူ့အဖွဲ့အစည်းမှာ ခိုင်ခိုင်မာမာ ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်နိုင်စွမ်းရှိခြင်းပဲဖြစ်တယ်။

ဒါ့ကြောင့် ရဲဘော်တို့ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ခိုင်ခိုင်မာမာ ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ တပ်မတော်သား ဆေးဝန်ထမ်းများဖြစ်ကြတယ်။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ ရည်မှန်းချက်ဟာ ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်ဖြစ်တယ်။ ဒီရည်မှန်းချက်ကို စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ အကောင်အထည်ဖော်ကြရမှာဖြစ်တယ်။

ဒါကြောင့် ဆေးဘက်ဆိုင်ရာနဲ့ပတ်သက်လို့ ပြောကြားရရင် ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုတဲ့ စကားအတိုင်းပဲ လူ့ဘောင်ဘဝရဲ့ အဓိကလိုအပ်ချက်ဟာ ရောဂါဘယကင်းရှင်းရေးနဲ့ အသက်ရှည်စွာ နေနိုင်ရေးဖြစ်တယ်။ အသက်ရှည်ပြီး အနာမဲ့ဖို့အတွက် ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုနဲ့ ကြိုတင်ကာကွယ်မှုဟာ အရေးအကြီးဆုံးဖြစ်တယ်။ အနာရောဂါဖြစ်လာပြီဆိုရင်လဲ အနာသိမှဆေးရှိဆိုတာလို ရောဂါရှာဖွေရေးကို တိတိကျကျဆောင်ရွက်ပြီး မှန်ကန်တဲ့ဆေးဝါးနဲ့ ကုသနိုင်ရမယ်။

ဆေးဝါးနဲ့ပတ်သက်လို့ ပြောကြားလိုတာကတော့ ယနေ့ခေတ်မှာ ဈေးကွက်ထဲက အချို့သောဆေးဝါးတွေဟာ စံမမီခြင်း၊ ထိရောက်မှုမရှိခြင်းနဲ့ အခြားဆိုးကျိုးများ ဖြစ်ပေါ်စေတတ်ခြင်းတို့ကြောင့် အရှေ့တိုင်းနိုင်ငံတွေဟာ ဆေးဝါးကဏ္ဍမှာ ပြည်ပအမှီအခိုကင်းရေးကို ဆောင်ရွက်လာကြတယ်။ ဒါကြောင့်လဲ အရှေ့တိုင်းဆေးဝါးတွေဟာ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး ထိရောက်မှုရှိကြောင်း ကျော်ကြားလာလျက်ရှိတယ်။ ဒို့နိုင်ငံအနေနဲ့လဲ ထိရောက်တဲ့ ကုသမှုတွေအတွက် ပြည်တွင်းကထုတ်လုပ်တဲ့ ဆေးဝါးတွေကို အားကိုးနိုင်ဖို့ လိုအပ်လျက်ရှိကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့–

ရဲဘော်တို့ဟာ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံတဲ့နည်းတူ ဆေးပညာဆိုင်ရာ ထူးချွန်မှုရှိမှလဲ တပ်မတော်ဆေးတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်အတိုင်း ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများအဖြစ် ရပ်တည်နိုင်ကြမှာဖြစ်တယ်။ ဒါကြောင့် သမားဇာနည်အောင်စစ်သည်များဖြစ်အောင် မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ ဆက်လက်ကြိုးပမ်းကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့–

ယနေ့နိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသား ကျန်းမာရေးကော်မတီက စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်။

ယခင်က မြန်မာနိုင်ငံမှာ ဆေးတက္ကသိုလ်သုံးခုနဲ့ သွားဘက်ဆိုင်ရာ တက္ကသိုလ်တစ်ခုသာရှိခဲ့ရာက ယခုဆိုရင် ဆေးတက္ကသိုလ်နဲ့ ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၇ ခုအထိ ဖွင့်လှစ်ပေးထားပြီးဖြစ်တယ်။ အဆင့်မြင့်ဆေးပညာရှင်များ မွေးထုတ်ဖို့ ဆေးလက်တွေ့ ပါရဂူဘွဲ့သင်တန်း ၃၀ မျိုး၊ ဆေးလက်တွေ့ အခြေခံပါရဂူဘွဲ့ သင်တန်းခုနစ်မျိုးနဲ့ ဆေးပညာမဟာသိပ္ပံသင်တန်း ၂၉ မျိုးတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိတယ်။ တပ်မတော်ဆေးတက္ကသိုလ်သင်တန်းဆင်းများထဲမှာလဲ အခြေခံပါရဂူဘွဲ့သင်တန်း အောင်မြင်ပြီးသူ ငါးဦး၊ ပါရဂူဘွဲ့တက်ရောက်ဆဲ ခုနစ်ဦးနဲ့ မဟာဘွဲ့ပေးအပ်ပြီးတဲ့ အရေအတွက်ဟာ ၃၄၈ ဦး ရှိပြီဖြစ်တယ်။

မြန်မာ့ဆေးလောက မြင့်မားရေးအတွက် ဆေးပညာနဲ့ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို မြင့်မားအောင် စွမ်းဆောင်နိုင်သူ၊ ကနဦးတွေ့ရှိချက်၊ ဖော်ထုတ်ချက်တစ်ခုခုကို စတင်တီထွင်ကြံဆ ဆောင်ရွက်သူ စတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူတွေကို နိုင်ငံတော်က ဆေးပညာထူးချွန်တံဆိပ်များ ပေးအပ်ဖို့ ပြဋ္ဌာန်းထားပြီးဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ အမိတက္ကသိုလ်ရဲ့ဂုဏ်ကို ဆောင်နိုင်အောင် ကြိုးပမ်းကြရမယ်။

ရဲဘော်တို့–

နိဂုံးချုပ်အားဖြင့် ပြောကြားရရင်–

- **ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ကြပါ။**
- **မိမိကိုယ်မိမိ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်တွေဖြစ်အောင် ဖြည့်ဆည်းကြပါ။**
- **တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ ရည်မှန်းချက်ကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ကြပါ။**
- **တပ်မတော်ဆေးတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်အတိုင်း သမားဇာနည် အောင်စစ်သည်များဖြစ်အောင် ကြိုးပမ်းကြပါ**

လို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉–၁၂–၂၀၀၇ (စနေနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"ရတနာအစစ်ဝတ်နိုင်ပါစေ"တရားတော် အရှင်ဂုဏိန္ဒ(ဆင်ဖြူတောင်ဆရာတော်)
၈း၀၀–၂း၀၀	သန့်ရှင်းလတ်ဆတ်သောဆီသန့်မှသည် ကျန်းမာရေးဆီသို့
၈း၂၅–၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅–၂း၅၅	ဆောင်းရာသီအားလပ်ရက်များ
၉း၀၅–၃း၀၅	ပင်လယ်ပြင်ပုံရိပ် CARRIBBEAN 2008
၉း၁၀–၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀–၃း၂၀	Yangon Panorama (Central Super Market ဆိုင်သစ်ဖွင့်ပွဲအခမ်းအနား)
၉း၃၅–၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀–၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅–၃း၄၅	ရေပျော်ငှက်တို့နားခိုရာ
၉း၅၅–၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀–၄း၀၀	လှပချစ်စရာအိမ်တွင်းမှုပညာ(တံခါးလက်ကိုင်စွပ်ပြုလုပ်နည်း)
၁၀း၁၅–၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀–၄း၂၀	အကျိုးပြုအဏုဇီဝပိုး Effective Microorganism
၁၀း၃၅–၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅–၄း၄၅	သိစေချင်သည် ICT (Blog အကြောင်းသိကောင်းစရာ)
၁၁း၁၀–၅း၁၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁၁း၂၀–၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅–၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၅–၅း၃၅	နှယဉ်ဆန်းထွင်သစ်သီးအလှဆင် (သင်္ဘောသီးဖြင့်မီးအိမ်ပြုလုပ်နည်း)
၁၁း၅၅–၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀–၆း၀၀	Activities in The City
၁၂း၁၅–၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀–၆း၂၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၂း၃၅–၆း၃၅	ကူးစက်မဟုတ်သောရောဂါများကာကွယ်ထိန်းသိမ်းရေး (ပါမောက္ခ ဒေါက်တာခင်မေစန်း၊ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်၊ တွဲဖက်ပါမောက္ခဒေါက်တာစိုးဦးမောင်)
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	West Ham-Man Utd	ESPN(Live)
	Chelsea-Newcastle	Star Sports (Live)
၁၁း၄၀	Everton-Arsenal	Star Sports (Live)
၁၂း၀၀	Tottenham-Reading	ESPN(SDD)

အာရပ်စော်ဘွားများပြည်ထောင်စုရှိ အပန်းဖြေရာ နှင်းလျှောစီးအားကစားရုံတစ်ရုံကို ဒီဇင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလိုငွေ တောင်ကိုရီးယားတွင် မြင့်တက်လာ

ဆိုးလ် ဒီဇင်ဘာ ၂၇

တောင်ကိုရီးယားနိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုလိုငွေသည် မြင့်တက်လာပြီး ယခုနှစ် ပထမ ၁၁လတာကာလအတွင်း အမေရိကန် ဒေါ်လာ ၁၀ဘီလီယံကျော်ရှိမည်ဟု တောင်ကိုရီးယားအစိုးရက ဒီဇင်ဘာ ၂၄ရက်တွင် ပြောကြားသည်။

နိုဝင်ဘာလတွင် စိုက်ပျိုးရေး ကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၇ဘီလီယံရှိပြီး ၂၀၀၆ခုနှစ်ကထက် ၂၇ ရာခိုင်နှုန်း တိုးလာဖွယ်ရှိကြောင်း စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနနှင့် နိုင်ငံပိုင် စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်း ကော်ပိုရေးရှင် (အေအက်ဖ်အမ်စီ)က ပြောကြားသည်။

တစ်နှစ်ပတ်လုံးအတွက် စိုက်ပျိုးရေး လိုငွေသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၀၁ ဘီလီယံရှိသည်။

တောင်ကိုရီးယားနိုင်ငံတွင် ယခုနှစ် ပထမ ၁၁လတာကာလအတွင်း တင်သွင်းကုန် တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၃ဘီလီယံရှိပြီး ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဘီလီယံရှိခဲ့သည်ဟု တရားဝင်သတင်းထုတ်ပြန် ကြေညာခဲ့သည်။

၂၀၀၆ခုနှစ်တွင် နိုင်ငံ၏ စိုက်ပျိုးရေး ကုန်သွယ်မှုလုပ်ငန်း လိုငွေသည် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၈ ဘီလီယံသာရှိသည်။ ယခုနှစ်တွင် လိုငွေ တိုးလာခြင်းမှာ နိုင်ငံတကာဈေးနှုန်း မြင့်တက်လာခြင်းကြောင့် ဖြစ်သည်ဟု သတင်း၌ ထုတ်ပြန်ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှား၌ မီးလောင်၊ တစ်ဦးသေဆုံး

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၇

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဒီဇင်ဘာ ၂၅ ရက်က မီးလောင်မှု ဖြစ်ပွားရာတွင် လုပ်ဖော်ကိုင်ဖက် သုံးဦးအား ကယ်တင်ရန် ကြိုးပမ်းသည့် ဆောက်လုပ်ရေးလုပ်သားတစ်ဦး သေဆုံးခဲ့သည်။

၃၅ နှစ်အရွယ် အင်ဒိုနီးရှားနိုင်ငံသား ဒူရတ်ဆူရာနိုသည် ၎င်း၏မိတ်ဆွေများအား မီးလောင်နေသော အဆောက်အအုံအတွင်းမှ ကယ်ဆယ်ရန် ကြိုးစားစဉ် အသက်ရှူကျပ်ပြီး သေဆုံးခဲ့သည်။ ကွာလာလမ်ပူမြို့ရှိ ရပ်ကွက်တွင် နံနက် ၃ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားချိန်တွင် အလုပ်သမား ၁၀၂ ဦး အိပ်နေသည့် အချိန်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း ပီမာလန်ဒေသတွင် ရေလွှမ်းနေသည်ကို ဒီဇင်ဘာ ၂၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်မြောက်ပိုင်း နယ်စပ်ဂိတ်ဖွင့်လှစ်

ဟန်နွိုင်း ဒီဇင်ဘာ ၂၇

တရုတ်နိုင်ငံနယ်စပ် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကွမ်နင်းပြည်နယ်တွင် မွန်ကိုင်နိုင်ငံတကာ နယ်စပ်ဂိတ်မှ ဖြတ်သန်း၍ကုန်သွယ်ရေးလမ်းကြောင်း နှစ်လမ်းဖြင့် ကုန်သွယ်မှု လုပ်ကိုင်လျက်ရှိရာ ဝင်ငွေမှာ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ၄ဘီလီယံရှိပြီး ယမန်နှစ်ကထက် ၁၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဒေသဆိုင်ရာ ဗီယက်နမ်စီးပွားရေးတိုင်းမ်သတင်းစာက ဒီဇင်ဘာ ၂၅ ရက်တွင် ရေးသားဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် အဓိကအားဖြင့် ရော်ဘာ၊ ပင်လယ်စာ၊ ကျောက်မီးသွေးနှင့် မျက်နှာအလှအပပြင်သည့် ပစ္စည်းတို့ကို တင်ပို့ပြီး ယူရီးယားဓာတ်မြေသြဇာ၊ စက်ကိရိယာ၊ စားသောက်ကုန်၊ စိုက်ပျိုးရေးဆိုင်ရာ စက်ကိရိယာ၊ ကားနှင့် ယာဉ်အပိုပစ္စည်းတို့ကို နယ်စပ်မှ တစ်ဆင့် ပြန်လည်တင်သွင်းသည်။

ဒေသဆိုင်ရာ ပင်လယ်စာတင်ပို့မှုကို ပိုမိုဆောင်ရွက်နိုင်ရန် နယ်စပ်ဖြတ်ကျော်ဂိတ်ငယ်တစ်ခု ဗီယက်နမ်နိုင်ငံ နယ်စပ်အုပ်ချုပ်ရေးအဖွဲ့က တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ကုမ္ပဏီနှင့် ကုန်သည် ၄၀ ခန့်သည် နေ့စဉ် ယင်းနယ်စပ်ဖြတ်ဂိတ်မှတစ်ဆင့် ကုန်ပစ္စည်း တင်ပို့တင်သွင်းသည့်ကုန်ချိန်မှာ တန် ၈၀ မှ ၁၀၀ ကြား ရှိသည်ဟု သတင်းစာ၌ ရေးသားထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကိုင်ရိုတောင်ဘက်၌ ကားနှစ်စီးတိုက်၊ ရှစ်ဦးသေဆုံး

ကိုင်ရို ဒီဇင်ဘာ ၂၇

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ တောင်ဘက်တွင် ဘတ်စ်ကားတစ်စီးနှင့် အခြားမော်တော်ယာဉ်တစ်စီးတို့ ခေါင်းချင်းဆိုင်တိုက်မိကြရာ ရှစ်ဦးထက်မနည်း သေဆုံးပြီး ၂၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးဌာနက ပြောကြားသည်။

ဖေယွမ်မြို့တွင် ဘတ်စ်ကားတစ်စီးသည် ခရီးသည်တင်ယာဉ်တစ်စီးကို ကျော်တက်ရာမှ အခြားကားတစ်စီးနှင့် ခေါင်းချင်းဆိုင်တိုက်မိကြောင်း၊ သေဆုံးသူများတွင် ကလေးငယ်များ ပါဝင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီဂျစ်နိုင်ငံ၏ ကိုင်ရိုဆင်ခြေဖုံးဘူတာရုံတစ်ရုံတွင် ရထားတစ်စင်း လမ်းချော်မှုကြောင့် ၃၄ ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်ရပ်အပြီး နောက်တစ်ရက်အတွင်း ယာဉ်တိုက်မှု ပေါ်ပေါက်ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစ္စလမ္မာဘတ်၌ ပစ်ခတ်မှုဖြစ်ပွား ရှရစ်ဖ်အား ထောက်ခံသူလေးဦးသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၈

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ သမ္မတ ပါဗက်ဇ် မူရှာရက်ဖ်အား ထောက်ခံသည့် ပါတီ၏ ရုံးအနီးတွင် ဒီဇင်ဘာ ၂၇ရက်က ပစ်ခတ်မှုဖြစ်ပွားသဖြင့် ဝန်ကြီးချုပ်ဟောင်း နာဝပ်ရှရစ်ဖ်အား ထောက်ခံသူလေးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဇန်နဝါရီ ၈ ရက် အထွေထွေရွေးကောက်ပွဲအတွက် ဒီဇင်ဘာလလယ်မှ စတင်၍ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများစတင်ခဲ့ချိန်နောက်ပိုင်း ရွေးကောက်ပွဲဆိုင်ရာ အဆိုးရွားဆုံး အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ယင်းပစ်ခတ်မှုပေါ်ပေါက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါပစ်ခတ်မှုနှင့် ပတ်သက်၍ အတိုက်အခံခေါင်းဆောင် ရှရစ်ဖ်က မူရှာရက်ဖ်အား လိုလားသည့် ပါတီကို အပြစ်တင်ခဲ့သည်။ သို့ရာတွင် မိမိ၏ ပါတီဝင်များ ယင်းပစ်ခတ်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိဟု ပါကစ္စတန်မွတ်ဆလင်လိဂ်ပါတီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘူတိုရဲ့ရုပ်အလောင်း ဇာတိမြေသို့ရောက်ရှိ

နော်ဒါရို (ပါကစ္စတန်) ဒီဇင်ဘာ ၂၈

လုပ်ကြံခံခဲ့ရသော ပါကစ္စတန်အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတိုအား မိသားစု ဂူဗိမာန်တွင်မြှုပ်နှံနိုင်ရန် ၎င်း၏ရုပ်အလောင်းကို ဇာတိမြေသို့ ဒီဇင်ဘာ ၂၈ ရက်တွင် သယ်ဆောင်လာခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။ ဘူတို၏ ခင်ပွန်း အလီ ဇာဒါရီနှင့် သားသမီးသုံးဦးတို့သည် ဘူတို၏ ရုပ်အလောင်းကို သယ်ဆောင်လာသည့် စစ်လေယာဉ်တစ်စင်းနှင့်အတူ ဆင်းပြည်နယ်သို့ ရောက်ရှိလာခဲ့သည်။

ဘူတို၏ရုပ်အလောင်းကို မိသားစု ဂူဗိမာန်တည်ရှိရာ ကျေးရွာသို့ လူနာတင်ယာဉ်ဖြင့် ဆက်လက်သယ်ဆောင်ခဲ့သည်။ ဘူတို၏ ဘိုးဘွားများနေထိုင်ခဲ့ရာ ဒေသမှာ လာခါနာခရိုင် နော်ဒါရိုမြို့မှ သုံးမိုင်အကွာ ဂါရီခူဒါဘက်ရှ် ကျေးရွာဖြစ်သည်။ ဘူတိုအား ၎င်း၏ဖခင်အလီဘူတို၏ အုတ်ဂူနံဘေးတွင် မြှုပ်နှံသင်္ဂြိုဟ်မည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့လယ်ဒေသရှိ အဆောက်အအုံများကို ဒီဇင်ဘာ ၂၇ရက်က တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစ္စရေးအိမ်ရာအသစ် တိုးချဲ့တည်ဆောက်မှု သတိထားဆောင်ရွက်လျက်ရှိဟု အစ္စရေးဝန်ကြီးချုပ်ပြောကြား

ဂျေရုဆလင် ဒီဇင်ဘာ ၂၈

အစ္စရေးနိုင်ငံသည် အိမ်ရာအသစ် တိုးချဲ့တည်ဆောက်မှုကို သတိထားဆောင်ရွက်လျက်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုမတ်က ဒီဇင်ဘာ ၂၆ရက်တွင် ပြောကြားကြောင်း ဒေသဆိုင်ရာ ယီဒီချ်အာရိုနိုသ်သတင်းစာက ရေးသားသည်။

အနောက်ဘက်ကမ်း ဒေသတွင် နေထိုင်သူ အစ္စရေးလူမျိုးများကို ဂရင်းလင်းဒေသအရှေ့ဘက်သို့ ရွှေ့ပြောင်းစေသည့်အတွက် လျော်ကြေးငွေပေးရန်ကိစ္စနှင့် ဂျေရုဆလင်အရှေ့ဘက် အိမ်ရာ တည်ဆောက်ရေးကိစ္စတို့ကို ဝန်ကြီးချုပ်အိုမတ်သည် အတိုက်အခံပါတီ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့သည်။

အနောက်ဘက်ကမ်းတွင် အိမ်ရာတည်ဆောက်ရေးအတွက် ယင်းဒေသနေ ပြည်သူများကို ရွှေ့ပြောင်းရသည့်အတွက် လျော်ကြေးငွေပေးရေးကိစ္စကို အလေးအနက်ထားစဉ်းစားရန် အဆိုပြုထားကြောင်း အိုမတ်၏ ပြောကြားချက်ကို ကိုးကားပြီး သတင်း၌ ဖော်ပြသည်။

၂၀၀၈ခုနှစ်တွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ နောက်ဆုံးအဆင့် သဘောတူညီချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု မိမိယုံကြည်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။



ကမ္ဘာ့ရုပ်ရှင်နေ့ အထိမ်းအမှတ်ဆောင်းပါး

ရုပ်ရှင်မွေးဖွားလာသည့်နေ့

ကြည်စိုးထွန်း

၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့သည် ကမ္ဘာ့ရုပ်ရှင်သက်(၁၁၂)နှစ်ပြည့်သော နေ့ဖြစ်သည်။ ထို့ကြောင့်လွန်ခဲ့သော နှစ်ပေါင်း(၁၁၂)နှစ်ကာလသို့ ပြန်လည်ငဲ့စောင်းကြည့်ရှုလျှင် ကမ္ဘာ့လူသားတို့အနေဖြင့် ထူးခြားသော၊ ထူးဆန်းသော လူတို့၏ လှုပ်ရှားမှုများကို မြင်ကွင်းကျယ်ကျယ်တွင် ပီပီပြင်ပြင် စတင်မြင်တွေ့ရသောနေ့ ဖြစ်ခဲ့ရသည်။

အရုပ်နှင့်ပတ်သက်သော လှုပ်ရှားမှုများကို နိုင်ငံအသီးသီးမှ လူမျိုးပေါင်းစုံသည် အမျိုးမျိုး ကြံဆစိတ်ကူးခဲ့ကြရာ ကလေးကစားစရာသဖွယ် တီထွင်မှုမှ စက်ပိုင်းဆိုင်ရာ တီထွင်ကြံဆမှုများအထိ တစ်စတစ်စ တိုးတက်လာခဲ့သည်။ ထိုသို့ အရုပ်လှုပ်ရှားမှုများကို ကြံဆတီထွင်နေသည့် အပိုင်းများရှိသကဲ့သို့ အရုပ်၏ပုံရိပ်များကိုဖမ်းနိုင် မည့် အတတ်ပညာများကိုလည်း တစ်ပြိုင်တည်း ရှာဖွေလျက်ရှိရာ ဓာတ်ပုံပညာသည်လည်း တစ်စတစ်စ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ သာမန်ပန်းချီပုံ၊ အရုပ်ပုံကလေးများကို လှုပ်ရှားအောင် ကြံဆခဲ့ကြသောပညာရှင်များသည် ဓာတ်ပုံပညာဖြင့် ဖြစ်ပေါ်လာသောပုံရိပ်များကိုလည်း လှုပ်ရှားအောင်ကြံဆလာခဲ့ကြသည်။ တစ်နည်းအားဖြင့် ဓာတ်ပုံအရုပ်မှ ရုပ်ရှင်အရုပ်အဖြစ်ပြောင်းလဲရန် ဥရောပနိုင်ငံအသီးသီးတို့ အပြိုင်အဆိုင် ကြိုးစားလာခဲ့ကြသည်။

ထိုသို့အပြိုင်အဆိုင်လှုပ်ရှားကြိုးစားသူများထဲတွင် အမေရိကန်နိုင်ငံမှ သောမတ်အက်ဒီဆင် (Thomas Alva Edison)၊ ဂျာမန်လူမျိုး မတ်စကလာဒန်နိုစကီ (Max Skladanosky) နှင့် ပြင်သစ်လူမျိုး လူမီးယားညီအစ်ကို (Auguste and Louis Lumiere)တို့မှာ ထင်ရှားကြသည်။ ၎င်းတို့အားလုံး အများပြည်သူတို့အား ရုပ်ရှင်ဆိုသည့်အရာကို ကြည့်ရှုနိုင်အောင် အမျိုးမျိုး ဖန်တီးခဲ့ကြသည်။

သောမတ်အက်ဒီဆင်၏ ရုပ်ရှင်မှာ လူအများကြည့်ရှုနိုင်သော ရုပ်ရှင်မျိုးမဟုတ်၊ လူတစ်ဦးချင်းစီ ချောင်းကြည့်ပေါက်မှသာ ကြည့်နိုင်သည့် ရုပ်ရှင်မျိုးဖြစ်ပြီး ၎င်းကို ကီနာတိုစကုပ်(Kinetoscope) ဟုခေါ်သည်။

လူမီးယားညီအစ်ကို၏ Watering The Gardener ရုပ်ရှင်ကားအား ပရိသတ်များ ကြည့်ရှုနေပုံ ကြော်ငြာကို တွေ့ရစဉ်။

ဂျာမန်လူမျိုး မတ်စကလာဒန်နိုစကီတီထွင်ခဲ့သော ရုပ်ရှင်မှာ အလွန်ကြီးမားလေးလံသော မှန်ဘီလူးနှစ်ခုတပ် ရုပ်ရှင်စက်ဖြစ်ပြီး ဘိုင်အိုစကုပ် (Bioscope) ဟုခေါ်သည်။

ပြင်သစ်ညီအစ်ကို အော်ဂုစကီးလူမီးယားနှင့် လူဝီးလူမီးယားတို့ တီထွင်သော ရုပ်ရှင် စက်ကို စီနီမာတိုဂရပ်(Cinematograph) ဟုခေါ်ပြီး ပေါ့ပါးသည့် စက်ဖြစ်သည့်ပြင် ပြသမှုနှင့် ရိုက်ကူးမှုနှစ်ခုစလုံးကို လုပ်ဆောင်နိုင်သည့် စက်ဖြစ်သည်။ ၎င်းစက်၏အမည်ကို အစွဲပြုကာ "ရုပ်ရှင်"ဟူသော ဝေါဟာရကို အင်္ဂလိပ်ဘာသာဖြင့် "စီနီမာ" (Cinema) ဟု အမည်တွင်စေခဲ့သည်။

ရုပ်ရှင်မွေးဖွားစေရန် အပြိုင်အဆိုင် ကြံဆခဲ့ရာ၌ ပြင်သစ်ညီအစ်ကိုက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် လူပေါင်း ၃၅ဦးကို ပြသသည့် ၁၈၉၅ ခုနှစ် ဒီဇင်ဘာလ ၂၈ရက်နေ့ကို ရုပ်ရှင်မွေးနေ့အဖြစ် အသိအမှတ်ပြုခဲ့ကြလေသည်။



ပထမဆုံး ကင်မရာနှင့် ပြစက်ကို တွေ့ရစဉ်။

ပထမဆုံးပြပွဲတွင် စက်ရုံအတွင်းမှ စက်ရုံအလုပ်သမားများ ထွက်လာကြပုံ၊ အော်ဂုစကီးလူမီးယားနှင့် သူ့ဇနီးတို့ ကလေးအား ကျွေးမွေးနေပုံ၊ ဥယျာဉ်ထဲတွင် ရေလောင်းနေသူ၏ ရေပိုက်အား သူငယ်လေးတစ်ဦးက ခြေဖြင့် တက်နင်းလိုက်ပုံ၊ ဘူတာရုံတစ်ခုသို့ မီးရထားတစ်စင်း ခုတ်မောင်းဝင်လာပုံ အစရှိသော တစ်မိနစ်ခန့်သာအရှည်ရှိသည့် ကားပိုင်းတိုလေးများကို ဆက်စပ်ပြသခြင်းဖြစ်သည်။

ရုပ်ရှင်၏နိဒါန်းသည် မှတ်တမ်းတင်သဘောဆန်သော ကားပိုင်းအတိုအစလေးများကို ပြသခြင်းဖြစ်သော်လည်း ၁၈၉၅ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြသခဲ့သော ကားပိုင်းတိုလေးများထဲမှ Watering The Gardener အမည်ရှိ ရုပ်ရှင်ကားတိုလေးမှာ ရုပ်ရှင်လောက၏ ပထမဆုံး ဟာသဇာတ်လမ်းရုပ်ရှင်ဟု သတ်မှတ်ဖွယ်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် ပန်းခြံထဲတွင် ရေပိုက်ဖြင့် ပန်းပင်များကိုရေဖျန်းနေသော ဥယျာဉ်မှူး၏ရေပိုက်ကို သူငယ်လေးတစ်ဦးက ခြေဖြင့်နင်းထားလိုက်ရာ ရေပိုက်မှရေများထွက်မလာတော့ဘဲ ရပ်တန့်သွားသည်။ ဥယျာဉ်မှူးက သူ့ရေပိုက်ခေါင်း တစ်စုံတစ်ရာ ချွတ်ယွင်းသွားသည်ထင်ပြီး ရေပိုက်ခေါင်းကို ကြည့်ရှုစစ်ဆေးနေစဉ် ရေပိုက်ကို ခြေဖြင့်နင်းထားသော သူငယ်လေးက ရေပိုက်ကိုနင်းထားသော သူ့ခြေထောက်ကို လွှတ်ပေးလိုက်သည်။ ထိုအခါ ရေပိုက်ခေါင်းမှ ရေများပန်းထွက်ပြီး ဥယျာဉ်မှူး၏မျက်နှာနှင့် တစ်ကိုယ်လုံး ရေများ ရွှဲရွှဲစိုသွားလေတော့သည်။ ဥယျာဉ်မှူးဒေါပွပြီး နောက်သို့လှည့်ကြည့်ရာ သူငယ်လေး နောက်ပြောင်ကြောင်း သိရှိသွားပြီး သူငယ်လေးကို လိုက်လံဖမ်းဆီး ရိုက်နှက်လေတော့သည်။

လူမီးယားညီအစ်ကို အော်ဂုစကီးလူမီးယားနှင့် လူဝီးလူမီးယား

အထက်ဖော်ပြပါအကြောင်းအရာမှာ ဇာတ်လမ်းတစ်ခုသဖွယ် ဖန်တီးရိုက်ကူးထားခြင်းဖြစ်သောကြောင့် ရုပ်ရှင်မှတ်တမ်းမှ ရုပ်ရှင်ဇာတ်လမ်းသို့ စတင်လာကြောင်း တွေ့ရှိနိုင်သည့်ပြင် ထိုစဉ်က ပရိသတ်ကို အလွန်ပွဲကျဟာသမြောက်စေသော ဇာတ်လမ်းလေးလည်းဖြစ်ခဲ့သည်။

ထိုမှတစ်ဆင့် ရုပ်ရှင်ကင်မရာ၏ လှည့်စားမှုစွမ်းအားများကို တွေ့ရှိလာခဲ့သူမှာ ပြင်သစ်လူမျိုး ဂျော့မယ်လီ(Gorge Melie) ဖြစ်သည်။ ရုပ်ရှင်လောကတွင် ယနေ့တိုင် သုံးစွဲနေကြရသော မှိန်ပျောက်မှိန်ပေါ်နည်းများ၊ အရုပ်ထပ်၊ အရုပ်ရောနည်းများ၊ နှစ်ကိုယ်ခွဲ၊ သုံးကိုယ်ခွဲနည်းများ၊ အရုပ်နှေး၊ အရုပ်မြန်နည်းများကို ဖန်တီးခဲ့သူ ဖြစ်သည့်အပြင် ၎င်းကိုယ်တိုင်က မျက်လှည့်ပညာရှင်ဖြစ်သောကြောင့် ထူးဆန်းသော ဖန်တီးမှုရုပ်ရှင်များကိုလည်း ရိုက်ကူးခဲ့သည့် ရုပ်ရှင်ပညာရှင်ကြီးအဖြစ် အသိအမှတ်ပြုကြရပါသည်။

တတိယအသိအမှတ်ပြုရမည့် ခေတ်ဦးရုပ်ရှင်ပညာသည်ကြီးမှာ အမေရိကန်လူမျိုး အက်ဒ်ဝင်အက်စ်ပေါ့တား (Edwin S. Porter) ဆိုသူဖြစ်ပြီး ရုပ်ရှင်၏တည်းဖြတ်မှု (Editing) ပညာကို စတင်တီထွင်ခဲ့သူဖြစ်ပါသည်။ ယခင်က ရုပ်ရှင်ဖလင်တစ်စ (One Shot) အတွင်း ဇာတ်လမ်းဖန်တီးရိုက်ကူးမှုအဆင့်မှ ရုပ်ရှင်ဖလင်အစပေါင်းများစွာကို ဆက်စပ်၍ ဇာတ်လမ်းဖန်တီးမှုကို ပြုလုပ်ခဲ့သူ ဖြစ်ပါသည်။

ရုပ်ရှင်ကင်မရာလှည့်စားမှု၊ ရုပ်ရှင်ဖလင် တည်းဖြတ်မှုပညာများကို အခြေခံကာ ရုပ်ရှင်ကို အနုပညာပြောင်မြောက်အောင် စွမ်းဆောင်ပေးသူမှာ ဒေးဗစ်ဝပ်ဂရစ်ဖစ် (David Wark Griffith)ဖြစ်ပြီး ၎င်း၏ The Birth of A Nation ရုပ်ရှင်ကားသည် ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်ထားရသော ရုပ်ရှင်ကားဖြစ်ခဲ့လေသည်။

ယခုအခါ ရုပ်ရှင်သည် စီးပွားရေးပိုင်းတွင်လည်းကောင်း၊ အနုပညာပိုင်းတွင် လည်းကောင်း၊ စည်းရုံးရေးပိုင်းတွင်လည်းကောင်း လွန်စွာ အခရာကျသော လုပ်ငန်းတစ်ခုဖြစ်လာပြီဖြစ်ရာ မြန်မာနိုင်ငံ ရုပ်ရှင်လောကသားများ အနေဖြင့်လည်း ရုပ်ရှင်၏အရေးပါမှုကို သတိပြု၍ ယခုထက် ပိုမိုတိုးတက်ကြီးပွားလာအောင် ကြိုးပမ်းစွမ်းဆောင်နိုင်ကြရန်အတွက် ရုပ်ရှင်မွေးဖွားလာသည့် (၁၁၂)နှစ်မြောက်နေ့တွင် မေတ္တာဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

ကျောက်ဖြူအသင်း(ရန်ကုန်မြို့) သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတို့ကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် အပူဇော်ခံသက်ကြီးများ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင် သားသမီးများသည် လိုအပ်သော အချက်အလက်အထောက်အထားများနှင့်အတူ နီးစပ်ရာ အသင်းအလုပ်အမှုဆောင်များထံ ဆက်သွယ်နိုင်ကြပါရန်နှင့် အလှူငွေပါဝင်ကူညီလိုသူများသည် ဥက္ကဋ္ဌ ဦးဘရွှေ ဖုန်း-၀၉၅၁၄၃၁၅၈၊ ၅၆၃၅၇၄ နှင့် ဒုတိယဥက္ကဋ္ဌ ဦးစံမြ၊ ဖုန်း-၃၈၈၆၀၈ တို့ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။ (က-ပ)

ကြံ့ခိုင် ကျန်းမာ လမ်းလျှောက်ပါ

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

"အာရောဂျ ပရမံလာဘာ" ဟူသည့် စကားအတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါးဖြစ်ပြီး ယင်းအဖိုးထိုက်တန်၊ အမြတ်ဆုံးဖြစ်သည့် **"ကျန်းမာခြင်း"** လာဘ်ကို ရယူနိုင်ရေးအတွက် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက်၊ အလေ့အကျင့် အပြုအမူများ လိုအပ်လှပေသည်။ ကျန်းမာရေးနှင့်ပြည့်စုံပြီး အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများနှင့်စပ်လျဉ်း၍ ပါဠိစာပေကျမ်းဂန်များတွင်–

သပ္ပါယဘောဇီ – **မျှတသောအစာကို စားသောက်ခြင်း၊**
ပရိဏာတဘောဇီ – **ကြေကျက်လွယ်သော အစာအာဟာရများကိုသာ စားသောက်ခြင်း၊**
သပ္ပါယေမတ္တံဇာနာတိ – **မိမိ၏ဝမ်းမီးနှင့်သင့်လျော်သော အာဟာရကို စားသောက်ခြင်း၊**
သီလဝါ – **ငါးပါးသီလဖြစ်စေ၊ ဥပုသ်သီလဖြစ်စေ စောင့်ထိန်းခြင်း၊**
ကလျာဏမိတ္တတာ – **မိမိအကျိုးကို ဆောင်ရွက်တတ်သော မိတ်ကောင်းဆွေမွန်ရှိခြင်း၊**
ကာလစာရီ – **အချိန်ကာလ ဒေသကို လိုက်လျော ညီထွေစွာ ပြုမူနေထိုင်ခြင်း၊**
ဗြဟ္မစာရီ – **မမြတ်သော ကာမဂုဏ်၊ မေထုန်အမှုတို့မှ ရှောင်ကြဉ်ခြင်း**

တို့ကို လေ့လာ မှတ်သားခဲ့ရပါသည်။ ယင်းအချက်များကို တိကျစွာ လိုက်နာကျင့်ကြံမည်ဆိုပါက အနာရောဂါကင်းရှင်းပြီး ကျန်းမာခြင်းနှင့် ပြည့်စုံမည်ဖြစ်ပေသည်။

ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားခြင်းတို့သည် **" ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ "** အပြန်အလှန်ဆက်စပ်လျက်ရှိပေသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိသူများသည် သာမန်လူများထက် အမောခံနိုင်မှု၊ သက်လုံကောင်းမှုတို့နှင့်ပြည့်စုံကာ ခန္ဓာကိုယ်အနံ့ သွေးလည်ပတ်မှု အရှိန်ကို ပိုမိုကောင်းမွန်လာစေသည်နှင့်အမျှ နှလုံးကြွက်သားများ သန်မာစေပြီး ခန္ဓာကိုယ်ရှိ ပိုလျှံနေသော အဆီများကိုလည်း ဖယ်ရှားပစ်နိုင်မည် ဖြစ်ပေသည်။

ကိုယ်လက်လှုပ်ရှားမှုပြုရာတွင် လမ်းလျှောက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လမ်းလျှောက်ခြင်း (စင်္ကြံလျှောက်ခြင်း)နှင့် စပ်လျဉ်း၍ **"ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်ကင်းစင်ရောဂါ၊ အစာကြေကျက်၊ မပျက်သမာဓိ၊ ငါးမျိုးရှိ၊ များ၏ စင်္ကြံအကျိုးတည်း"**ဟု လင်္ကာဖွဲ့ဆိုထားကြသည်။ လူတို့၏ပင်ကိုဗီဇသဘာဝလမ်းလျှောက်ခြင်းသည် လူကြီး၊ လူငယ်အသက်အရွယ်မရွေး၊ ကျန်းမာကြံ့ခိုင်စေသည်။ အကောင်းဆုံး ကိုယ်လက်လှုပ်ရှားမှုပင် ဖြစ်သည်။ ယခုအခါ ကမ္ဘာပေါ်၌ လမ်းလျှောက်ခြင်းမှာ ကြံ့ခိုင်ကျန်းမာမှု အတွက်သာမက မကျန်းမာသော ဝေဒနာရှင်များအတွက်ပါ ရောဂါကုထုံးတစ်ရပ် ဖြစ်ပေသည်။

လေကောင်းလေသန့်ရရှိနိုင်မည့်နေရာများသို့ ဖြတ်သန်း၍ နေ့စဉ်မှန်မှန် လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာအညောင်းအညာကို ပြေစေပြီး ခန္ဓာကိုယ်ဣရိယာပုတ်ကိုလည်း မျှတစေပါသည်။ လမ်းလျှောက်စဉ်အသက်ကို ဝဝရှူရန်လိုအပ်လှပါသည်။ ပထမဦးစွာ လမ်းလျှောက်စကာလတွင် မိမိ၏အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေပေါ် မူတည်လျက် မိမိလျှောက်နိုင်သည့် အတိုင်းအတာဖြင့် နည်းနည်းလျှောက်ပြီး တဖြည်းဖြည်းခရီးအကွာအဝေး တိုးမြှင့်လျှောက်ပေးရန်ဖြစ်ပါသည်။ လမ်းလျှောက်ရမည့်အကွာအဝေးမှာ ပုံသေမရှိဘဲ လူတစ်ဦးချင်းစီ၏ လိုအပ်ချက် အသက်အရွယ်များအလိုက်သာ မူတည်လျက် သင့်လျော်မည့် ခရီးအကွာအဝေးကို နေ့စဉ်မှန်မှန် လမ်းလျှောက်ရန်သာ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်းနှင့်စပ်လျဉ်းပြီး သုတေသီများ၏ သုတေသနပြုချက်အရ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ တစ်နာရီသုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်းမပြုလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှုရာခိုင်နှုန်း ၃၀ လျော့နည်းသွားကြောင်း တွေ့ရှိရပြီး တစ်ပတ်လျှင်သုံးနာရီထက်ပို၍ လျှောက်မည်ဆိုပါက နောက်ထပ်ငါးရာခိုင်နှုန်း ယင်းအန္တရာယ်မှ လျော့ကျသွားနိုင်ကြောင်း၊ လမ်းလျှောက်သည့် အမြန်နှုန်းမှာလည်း အရေးကြီးပြီး သက်သောင့်သက်သာ အနေအထားဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက်လျော့နည်းသောနှုန်းဖြင့် လျှောက်ပါက နှလုံးထိခိုက်မှုအန္တရာယ်မှ ၂၅ ရာခိုင်နှုန်း လျော့နည်းပြီး သုံးမိုင်နှုန်း သို့မဟုတ် ၎င်းထက်ပိုပါက ၃၆ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း လေ့လာသိရှိရပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ အနေဖြင့် သွေးတိုးရောဂါကို လျော့ကျစေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းမှုကို ဖြစ်ပေါ်စေခြင်း၊ အရိုးအဆစ်များကို သန်မာစေခြင်း၊ ခန္ဓာကိုယ်၏ အလေးချိန်ကို ထိန်းသိမ်းထားနိုင်ခြင်း၊ ကြွက်သားများ သန်မာပြီး၊ သွေးကြောလေကြောပွင့်၍ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သွေးအတွင်းမှ သကြားဓာတ်ကျစေခြင်း၊ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်ခြင်း စသည်တို့ ဖြစ်ကြပေသည်။

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် ကမ္ဘာကြီးတွင် နှစ်စဉ် လူဦးရေနှစ်သန်းခန့် သေဆုံးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက သုတေသနပြုထောက်ပြထားသည်။ ယင်းသို့ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဓိက ဖြစ်ပွားလေ့ရှိသည့် နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အူမကြီးကင်ဆာနှင့် ဆီးချိုရောဂါများ စသည်တို့ကို ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းမှာ လမ်းလျှောက်ခြင်းသာဖြစ်ကြောင်း သိရှိရပေသည်။

ထို့ပြင် လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြစ်သည်နှင့်အညီ နှလုံးစွမ်းအား၊ အဆုတ်စွမ်းအားတို့ကို တိုးစေနိုင်ခြင်း၊ ကင်ဆာ၊အကျိတ်အဖု (ဥပမာ–အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ)ရောဂါဖြစ်ပွားနှုန်းကို လျော့ပါးစေခြင်း၊ အကြောအခြင်နာကျင်မှု သက်သာစေခြင်း၊ စိတ်ဖိစီးမှုလျော့နည်းခြင်းနှင့် စိုးရိမ်သောက ကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း ဆေးပညာပေး စာအုပ်များတွင် ရေးသားဖော်ပြချက်များကို လေ့လာဖတ်ရှုရပေသည်။

ယခုအချိန် ဟေမန္တဆောင်းရာသီကာလ ချမ်းမြသည့်ရာသီတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလ သီတင်းပတ်များအဖြစ် စုပေါင်းလမ်းလျှောက်ပွဲများ ဆင်နွှဲကျင်းပလျက်ရှိကြပေသည်။ နိုင်ငံတစ်ဝန်းရှိ မြို့နယ်နှင့်ကျေးရွာများပါမကျန် **"စောစောအိပ်လို့၊ စောစောထလို့၊ စောစော လမ်းလျှောက်ကြပါစို့"** ဟူသော ကျန်းမာရေးနှိုးဆော်ချက်နှင့်အညီ တိုင်းရင်းသားပြည်သူများ တပျော်တပါး စုပေါင်း လမ်းလျှောက်ကြသည်မှာ အားရဖွယ် တွေ့မြင်ရပေသည်။

သို့ဖြစ်ပါ၍အသက်အရွယ်မရွေး၊လူတန်းစားမရွေး ပါဝင်လှုပ်ရှားနိုင်သော အားကစားနည်းတစ်ရပ်ဖြစ်သည့် ကိုယ်လက်လှုပ်ရှား လမ်းလျှောက်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာပါ ကျန်းမာရေးပြည့်စုံမှုကို ပေးစွမ်းနိုင်မည်ဖြစ်ပြီး နိုင်ငံ့အကျိုး ပိုမိုသယ်ပိုး ထမ်းဆောင်နိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် မိဘများဖြစ်သော ဦးအောင်သိန်း–ဒေါ်ကွန့်တို့အား ရည်စူး၍ တောင်ဥက္ကလာပမြို့နယ်၊ ဝေဇယန္တာလမ်း ၃(ခ) ရပ်ကွက်နေ ဒေါ်ခင်မျိုးမြင့် မိသားစုက ရတနာပစ္စည်းများ အပါအဝင် အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် ရေကျော် ဦးဝိဇ္ဇာလမ်းနေ ဦးညီညီ–ဒေါ်ခင်ချိုဆက် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ဦးလှသိန်း လက်ခံယူစဉ်။ (က–ပ)

အထက(၁)မော်လမြိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၈

အထက(၁) မော်လမြိုင်၏ (၁၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အထက(၁) မော်လမြိုင် အဆောင်ဟောင်း (စိန်ရတုခန်းမ)၌ ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲ အခမ်းအနားသို့ ပူဇော်ခံ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ပူဇော်ပွဲကျင်းပရေးကော်မတီမှ ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

ဗထူးတပ်မြို့ ကျောင်းသား၊ကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၈

ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ အစိုးရ အထက်တန်းကျောင်း (ယခင်တပ်မတော် ကလေးများအထက်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် မတ် ၂၂ရက်(စနေနေ့) တွင် အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး၊ဆရာမကြီးများနှင့်ကျောင်းသား၊ကျောင်းသူဟောင်းများ ပူဇော်ပွဲသို့ တက်ရောက်နိုင်ရေးအတွက် ရန်ကုန်မှ ဗထူးမြို့သို့ မတ် ၁၉ ရက်၌ ထွက်ခွာပြီး မတ် ၂၄ ရက်တွင် ပြန်လာမည်။ အသွား၊ အပြန် ခရီးစဉ် အတွက် အကြိုအပို့၊ တည်းခို နေထိုင် ရေးနှင့် စားသောက်ရေးများကို စရိတ်ငြိမ်းစီစဉ်ထားသည်။ ငွေလှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများသည် ရန်ကုန်ရုံး ဖုန်း–၂၄၆၂၈၃၊ ဦးမောင်မောင်သန်း ဖုန်း–၀၉၅၁၀၀၃၇၈၊ ဒေါ်သန်းသန်းနွဲ့ ဖုန်း–၅၁၀၅၉၅၊ ဦးခင်ကျော် ဖုန်း–၀၉၅၁၃၅၇၃၀၊ ဦးဇော်မြင့်ဦး ဖုန်း–၀၉၅၁၅၁၅၉၀၊ ဦးဝဏ္ဏ ဖုန်း–၅၀၂၉၂၁ နှင့် ရပ်စောက် ဗထူးမှ ဦးသန်းမောင် ဖုန်း–၀၈၁–၄၀၁၀၁၊ဦးကျော်ကျော်မင်း ဖုန်း–၀၈၁–၄၀၀၄၄၊ ဦးမောင်မောင်စိန် ဖုန်း–၀၈၁–၄၀၂၈၁၊ ဦးစိုးသန်းဝင်း ဖုန်း–၀၈၁–၄၀၂၅၂၊ ဒေါ်တင်အေး ဖုန်း–၀၈၁–၄၀၁၆၇ တို့သို့ ဆက်သွယ်၍ မတ်လ ၁၀ ရက် နောက်ဆုံးထား လှူဒါန်းနိုင်ကြောင်းသိရသည်။(က–ပ)

အထက(၁) မရမ်းကုန်း၊ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၈

အထက(၁) မရမ်းကုန်း (သမိုင်းမြို့မကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို အထက်ပါကျောင်း၌ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။ အပူဇော်ခံအသက် ၆၀ ပြည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကန်တော့ခံစာရင်းတွင် မပါဝင်သေးသည့် ဆရာကြီး၊ ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုသူများသည် ဒေါ်ခင်လှ ဖုန်း–၆၆၇၄၄၃၊ ဦးမြတ်ထွန်း ဖုန်း–၆၆၂၀၁၅၊ ဦးမောင်အုန်း ဖုန်း–၀၉–၅၁၂၈၅၂၉၊ ဦးမောင်လုံး (ထ–၁၊ကျောင်းအုပ်ကြီး) ဖုန်း–၆၆၀၅၃၄၊ ဒေါက်တာ အောင်မြတ်သိန်း ဖုန်း–၆၅၁၅၂၆၊ ဒေါ်ခင်မြ ဖုန်း–၆၆၁၅၁၈၊ ဦးမောင်မောင်သိန်း ဖုန်း–၀၉ ၅၁၃၁၆၀၈၊ဦးအောင်ကြည် ဖုန်း–၆၆၃၀၇၂၊ ဒေါ်အေးအေးလှိုင် ဖုန်း–၆၆၆၇၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉–၁၂–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –မချစ်ဖူးတဲ့အချစ်ရူး သရုပ်ဆောင် ဒွေး၊ ထက်ထက်မိုးဦး**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွှဲ
၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ဒီလှိုင်းနှင့်အတူ (အပိုင်း–၃)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ လူ့ရွှင်တော်ရွှေဖလား
၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –နီလာလက်ကောက် (အပိုင်း–၂၃)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၁။ အပိတ်နှုတ်ဆက်စကား
၂၂။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်နှင့် မုဒုံမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် သံဖြူဇရပ်မြို့နယ် ရေစကြ်တောင်ရော်ဘာခြံအတွင်း ရော်ဘာပင်များ စိုက်ပျိုးထားရှိမှုနှင့် ရော်ဘာစေးထွက်ရှိမှုအခြေအနေ၊ ရော်ဘာစေးမှ ရော်ဘာပြားထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ကျိုက္ခမီရေလယ် ဘုရားသို့ ရောက်ရှိကြပြီး ကျိုက္ခမီ ရေလယ် ဘုရားရုပ်ပွားတော်မြတ်ကြီး အား ဖူးမြော်ကြည်ညို၍ အလှူတော် ငွေများ ပေးအပ်လှူဒါန်းကာ ရုပ်ပွား တော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူ ပူဇော်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေ ဖွံ့ဖြိုးတိုးတက်မှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည် များကို မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်သာအေး သည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မုဒုံ-သုတေသနနှင့် မျိုးပွားခြံတွင် BPM-24နှင့် BP-235အမျိုးအစားရော်ဘာ ပျိုးထောင်စိုက်ပျိုးထားမှုကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးသည် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အရည် အသွေးမြင့် ရော်ဘာထုတ်လုပ်ရေး ဌာနကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် တာပသွန် ကျေးရွာရှိ ခြိစည်းရိုးကြက်ဆူစံပြ စိုက်ခင်းတွင် စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ မျိုးကိုင်းဖြင့် မျိုးထောင်ထားရှိမှု၊ အစေ့စိုက်ပျိုးထား မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်သာအေးသည် သံဖြူ ဇရပ်မြို့နယ်ရှိ တပ်နယ်သင်တန်း ကျောင်း၌ တပ်နယ်မှ အရာရှိစစ်သည် နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြား ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ် ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ကျောက်ပန်းတောင်းမြို့တွင် တရားဟောကြားချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ၊ သီတဂူ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ)သည် မန္တလေးတိုင်း ကျောက် ပန်းတောင်းမြို့ မြို့နယ်အားကစားကွင်း ဓမ္မာသနပလ္လင်၌ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး သံဖြူဇရပ် မြို့နယ် ရေစကြ်တောင် ရော်ဘာ ခြံအတွင်း ရော်ဘာပင်များစိုက်ပျိုး ထားရှိမှုကို ကြည့်ရှုစစ်ဆေး စဉ်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာမနောပွဲတော်ကြီး စည်ကားသိုက်မြိုက်စွာကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၈

၂၀၀၈ခုနှစ် ဇန်နဝါရီလ ၁၀ရက်နေ့တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာမနောပွဲတော်ကြီးကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ ရက်မှ ၁၁ ရက်အထိ မြစ်ကြီးနားမြို့ စီတာပူမနောကွင်းကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်မြို့) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်မြို့)၏ (၄၆)ကြိမ်မြောက် နှစ်ပတ် လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ် ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပ မည်ဖြစ်ရာ အသင်းဝင် အသက်(၇၅)နှစ်အထက် သက်ကြီးဘိုးဘွားများစာရင်းနှင့် ၂၀၀၆-၂၀၀၇ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများစာရင်းကို(တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ်)ပူးတွဲတင်ပြ၍ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၅ရက် နောက်ဆုံး ထား၍ ဒေါက်တာလှမောင်(ဥက္ကဋ္ဌ) ဖုန်း-၅၃၇၅၀၇၊ ဦးတင်အောင် ဖုန်း-၀၉၅၀၁၂၁၄၁၊ ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇၊ ဦးဖုန်းတင့် ဖုန်း-၁၉၉၉၂၀၁၄၊ ဦးတင်မောင်ဦး ဖုန်း-၅၀၁၀၅၁၊ ဦးသန်းစိုး (ညွှန်ကြားရေးမှူး ပင်စင်ဦးစီးဌာန) ဖုန်း-၀၉၅၀၃၈၉၁၆၊ ၃၈၂၇၈၇(ရုံး)တို့ထံ ဆက်သွယ်စာရင်းပေးသွင်းရန်နှင့် အသင်းသူ၊ အသင်းသားများ၊ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း၊ အမှတ်(၁၀၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း၊ အမှတ်(၁၀၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်

မင်းနီခိုင်(မောင်တော)၊ မိုးမြင့်လွင်၊ ပိုနေမြ (ဝက်လက်)၊ မောင်တင့်လွင် (ပေါက်)၊ ချမ်းမြဆောင်း(ကလော)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ ချွန်းသာ၊ ကိုစိုင်း ထက်မြက်သိမ်း၊ မောင်နီဝင်း၊ အေးမ(ကလော)၊ အောင်ထွန်းလင်း(ချောက်)၊ ပုသိမ်မောင်ကြေးရည်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ ကျော်ဇေယျာလှိုင်(စီးပွားရေးတက္ကသိုလ်)၊ ချောင်းဦးမောင်စန္ဒာ၊ ဆရာဦးစံတင်အောင်(ရွှေဘို)၊ အုန်းမောင်(ပုသိမ်)၊ ပန်းတနော် စောလွင်၊ သီဟဆွေ (သဒ္ဓမ္မဇောတိက)၊ မောင်မောင်ကျော့(ပလက်ဝ)၊ မောင်ယဉ်ညို၊ မအိမ့်ဒါလီမွန်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဦးကျော်စိန်(မန္တလေး)၊ ရဲမင်းထွန်း (မြင်းကပါ)၊ မြင်းမူ ဦးအောင်မြင့်သိမ်း၊ ဒေါက်တာနှင်းအိခိုင်ဆွေ၊ အောင်အောင် (မြန်မာ့သစ်လုပ်ငန်း)၊ စေတနာလှိုင်(ရေစကြို)၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ တက္ကသိုလ် စိုးယဉ်တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ နန္ဒာမိုးကြယ်၊ ဇီးကုန်း ဇော်ဝင်းမောင်၊ ကိုသက်(ဇီးကုန်း)၊ အောင်ခြိမ့်မိုး၊ ဝင်းသစ္စာ(သမ္မုလ)၊ အောင်ကျော်ဆန်း၊ ခြင်ကျား(မအူပင်)၊ မောင်ကြာနွယ်(ကျိုင်းတုံ)၊ သန့်ဇင်လတ် (ပညာရေး)၊ ထွေးကြည် (သလ္လာဝတီ)၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ စာပေအလင်း စာပေသတင်းကဏ္ဍ၊ စာအုပ်စင်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ ကာတွန်းများအပြင်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတ၊ ရသစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင် ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နှစ် (၅၀)ပြည့် ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

နေပြည်တော် တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရွှေရတုအထိမ်းအမှတ်မုခ်ဦးကို ပညာရေးဝန်ကြီးဌာနကိုယ်စား မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးဆွေ၊ အငြိမ်းစားကျောင်းအုပ်ကြီး ဦးသိန်းလွင်နှင့် ကျောင်းသူဟောင်း ဒေါ်တင်လှတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရွှေရတုအထိမ်းအမှတ်အလံနှင့် လက်ဆောင်ပစ္စည်းများကို ရွှေရတုကျင်းပရေးကော်မတီဝင်များက အသီးသီးပေးအပ်လှူဒါန်းပြီး ပညာရေး ငွေပဒေသာပင်အဖြစ် ရွှေရတုကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးတင့်ဆွေက ငွေကျပ်သုံးသိန်း၊ ရွှေရတုအထိမ်းအမှတ် ကျောင်းဆောင်သစ်အတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးကျော်သိန်းက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထူးခြားဖြစ်စဉ် မှုခင်းသတင်းများ

မိုးပျံပူဖောင်း ဓာတ်ငွေ့ဖြည့်စဉ် ပေါက်ကွဲသဖြင့် လေးဦးဒဏ်ရာရ

ရန်ကုန် ဒီဇင်ဘာ ၂၈

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်းတွင် ယမန်နေ့ ညနေ ၅ နာရီခန့်က သာကေတမြို့နယ် (၂/မြောက်)ရပ်ကွက် သဒ္ဓါရုံ(၃)လမ်းနေ အောင်ဇော်ဦး(၂၃)နှစ် (ဘ)ဦးတင်မြင့်သည် စက်ဘီးပေါ်တွင် ဓာတ်ငွေ့အိုးတင်ကာ မိုးပျံပူဖောင်းအား ဓာတ်ငွေ့ဖြည့်စဉ် ဓာတ်ငွေ့အိုးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

ဓာတ်ငွေ့အိုးပေါက်ကွဲမှုကြောင့် အောင်ဇော်ဦးမှာ ယာဘက်ခြေသလုံးကျိုး၊ ဝဲဘက်လက်ညှိုးပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး အနီးပတ်ဝန်းကျင်တွင်ရှိနေသည့် မင်းဇော်(၂၀)နှစ် (ဘ)ဦးတင်မြင့် (သာကေတမြို့နယ်)၊ ဇော်ဝင်း(၁၃)နှစ် (ဘ)ဦးဇော်လင်း(သာကေတမြို့နယ်)နှင့် ဝင်းမော်(၁၃)နှစ် (ဘ) ဦးမြတ်သူ မင်္ဂလာတောင်ညွန့်မြို့နယ်တို့ ဒဏ်ရာများအသီးသီးရရှိကာ ရန်ကုန်ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဈေးပွဲတော်လောင်းကစားဝိုင်းများ ဖမ်းဆီးအရေးယူ

ရန်ကုန် ဒီဇင်ဘာ ၂၈

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စံပယ်လမ်းရှိ ယုဇနပလာဇာဈေးပွဲတော်တွင် လောင်းကစားဝိုင်းများ ပြုလုပ်နေကြောင်း သတင်းအရ ယမန်နေ့ညနေ ၅ နာရီခွဲတွင် မင်္ဂလာတောင်ညွန့်ရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ဈေးပွဲတော်ဆိုင်ခန်းများတွင် ကြက်၊ငါး၊ ကျားရုပ်ပုံပါ အန်စာတုံးများဖြင့် လောင်းကစားနေကြသော ဦးလှသောင်း(၆၀)နှစ် (ဘ) ဦးကျော်တင်(ဇရာဝတီတိုင်း)၊ ဖိုးခွား (၃၁)နှစ် (ဘ)ဦးထွန်းမြင့်(မင်္ဂလာဒုံ)၊ ကျော်သိန်း(၃၈နှစ်) (ဘ) ဦးသောင်းမြင့် (ဒေးဒရဲ)၊ မမြင့်ခင်(၄၀)နှစ်(ဘ) ဦးစံမောင် (မြောက်ဥက္ကလာပ)၊ မရွှေစင်(၂၂)နှစ် (ဘ)ဦးသောင်းရွှေ (မြောက် ဥက္ကလာပ)တို့ ငါးဦးထံမှ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်း များနှင့် လောင်းကြေးငွေကျပ် ၈၀၈၀၀ တို့ကိုလည်းကောင်း၊ မြားပစ်လောင်း ကစား ပြုလုပ်နေသူ လှမိုး(၃၂)နှစ် (ဘ) ဦးကျော်တင့် (ဗဟန်းမြို့နယ်)ထံမှ လောင်းကြေးငွေကျပ် ၁၅၀၀၀ ကိုလည်းကောင်း၊ မဲပုံးလှည့်လောင်းကစား ပြုလုပ်နေသူ ရဲဝင်း(၄၁)နှစ် (ဘ)ဦးအောင်ထွန်း (မြောက်ဥက္ကလာပ)နှင့် အောင်ဇော်ဦး(၃၁)နှစ် (ဘ)ဦးငယ်လေး (မြောက်ဥက္ကလာပ)တို့နှစ်ဦးထံမှ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၁၀၂၀၈၀ တို့ကိုလည်းကောင်း အသီးသီးသိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်များနှင့် ပတ်သက်၍ မင်္ဂလာတောင်ညွန့်ရဲစခန်းမှ ဦးလှသောင်းပါ ငါးဦး လှမိုးနှင့် ရဲဝင်းပါနှစ်ဦးတို့အား လောင်းကစားဥပဒေပုဒ်မ ၁၂(က)/၁၃(က)ဖြင့် အရေးယူ ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းကိုကိုစိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းချမ်းမြေ့အောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းကိုကိုစိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

* ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်ချုပ်မောင်ဦး၊ ဗိုလ်ချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဦးသောင်း၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒေါက်တာချမ်းငြိမ်း၊ ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဒေါက်တာကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးကြီးကျော်ညွန့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်ငွေသိန်း၊ ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်ချုပ်အေးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၄၅၃) ဗိုလ်လောင်းကိုကိုစိုး၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၄၆၂) ဗိုလ်လောင်းချမ်းမြေ့အောင်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် (၁၄၅၃) ဗိုလ်လောင်းကိုကိုစိုးတို့အား ဆုများကို အသီးသီးချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများအား မိန့်ခွန်းပြောကြားသည်။

(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

အားပေးစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉)မှ ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ၎င်းတို့၏ မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စစ်တောင်းစံပြကျေးရွာ အထက်တန်းကျောင်း ရွှေရတုပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းစံပြကျေးရွာတွင် ၁၉၅၇ ခုနှစ်မှ စတင်ပြုစုပျိုးထောင်ခဲ့သော အမကကျောင်းမှ အထကကျောင်းအဆင့်သို့ တိုးမြှင့်လာခဲ့ခြင်း အထိမ်းအမှတ် နှစ်(၅၀) ရွှေရတုသဘင်အခမ်းအနား၊ နှစ်(၅၀)အတွင်း တပည့်များကို သင်ကြားပေးခဲ့သည့် မြတ်ဆရာများအား ပူဇော်ခြင်းနှင့် စေတနာရှင်များ လှူဒါန်းသော ကျောင်းဆောင်သစ်များကို သက်ဆိုင်ရာသို့ လွှဲပြောင်းပေးအပ်ပွဲများကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)မှ ဇန်နဝါရီ ၇ ရက်အထိ လေးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ပါဝင်ဆင်နွှဲလိုသူများသည် ၁၉၅၇-၂၀၀၇ ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်သည့် ဒေါ်အေးလေး ဖုန်း- ဝ၉၅၁-၉၅၄၁၅၊ ဦးဇော်မင်း(ခ)ဦးရှုဘိန်း ဖုန်း- ဝ၉၅၁-၄၁၄၇၁၊ ဦးသိန်းအောင်(ခ)ဦးဟူဆင် ဖုန်း- ဝ၁-၆၆၃၃၉ဝ၊ ဦးပီကြူး(ခ) ဦးလှအောင် ဖုန်း- ဝ၁-၂၄ဝ၆၁၆၊ ဒါရိုက်တာ အဏ်ထော်ဏီ ဖုန်း- ဝ၉၅၁-၃၈၉၄၈၊ ဦးကြင်ထွန်း ဖုန်း- ဝ၉၈ဝ-၃၄၄၄၆နှင့် ဝ၉၅၁-၄၄၅၄၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း ကျင်းပရေးကော်မတီမှ နှိုးဆော်ထားသည်။ (က-ပ)

နိုင်ငံတော် အေးချမ်း

တပ်မတော်ဆေးတက္က

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်
စုဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေး [illegible]

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြု
ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နို
စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟာ
များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး
အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ဝေ
ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်
ရဲမြင့်နှင့် ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ်
ကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန
တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့
မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီ
ပါမောက္ခ ဌာနကြီးမှူးများ၊ ပါမောက္ခ ဌာ
များနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တ
သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ
မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေး
များက အဆို၊ အကများဖြင့်လည်းကော

အားပေးစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပသည့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။
(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၈

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခ ဌာနကြီးမှူးများ၊ ပါမောက္ခ ဌာနမှူးများ၊ ကထိက ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ အနုပညာရှင်များက အဆို၊ အကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။
(သတင်းစဉ်)

စစ်ရေးပြ အခမ်းအနား တက်ရောက်လာကြသူများ

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

အထက(၁) သာယာဝတီ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၈

သက်ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက(၁) သာယာဝတီ ပညာ့အားမာန်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်၍ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒေါ်သန်း သန်းထား ဖုန်း-၀၅၅-၃၀၁၄၂၊ ဦးမြင့်မောင် ဖုန်း-၀၅၅-၃၀၂၅၉၊ ဒေါ်ခင်ဝင်း ဖုန်း-၀၅၅-၃၀၂၉၈၊ ဦးသက်မော်ဦး ဖုန်း-၀၁-၂၉၂၈၂၈နှင့် ဦးထွန်းအေး ဖုန်း-၀၁-၂၂၃၈၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

အားပေးစကား ပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းနှစ်ဦးနှင့် မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။ (အပေါ်ပုံနှင့်အောက်ပုံ) (သတင်းစဉ်)

မျက်စိရောဂါ အထူးကုဆေးရုံသို့ အဏုကြည့်မှန်ဘီလူးတစ်စုံ လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး၌ အသုံးပြုရန်အတွက် ကျော်သာကုမ္ပဏီမိသားစုမှ ငွေကျပ် ၂၇ သိန်းတန်ဖိုးရှိ (Operating Microscope) မျက်စိခွဲစိတ်ရာတွင် အသုံးပြုသော အဏုကြည့်မှန်ဘီလူးတစ်စုံ လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် ယင်းဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျော်သာကုမ္ပဏီမိသားစုကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးမောင်အေး၊ မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်အေးအေးမြင့်၊ ကျော်သာ ဆောက်လုပ်ရေးကုမ္ပဏီ၊ သား မောင်ကျော်စည်သူတို့က ပေးအပ်လှူဒါန်းရာ ပါမောက္ခဌာနမှူး ဒေါက်တာဦးတင်ဝင်းနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးအောင်မြတ်စိုးတို့က လက်ခံကြကာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရန်ကုန်မျက်စိရောဂါ အထူးကုဆေးရုံကြီးမှ ကွင်းဆင်းခွဲစိတ်ကုသအဖွဲ့သည် မြင်းခြံမြို့ ပြည်သူ့ဆေးရုံကြီး၌ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ မျက်စိဝေဒနာရှင် ၇၅၄၈ဦးကို ကြည့်ရှုစမ်းသပ်ခြင်း၊ မျက်စိအတွင်းတိမ်လူနာ ၄၆၉ ဦးအား အခမဲ့ ခွဲစိတ်ကုသခြင်းနှင့် လူနာ၂၇၆၉ဦးတို့အား မျက်မှန်များ အခမဲ့လှူဒါန်းခြင်း၊ လိုအပ်သောဆေးဝါးများ ထောက်ပံ့ခြင်းများကို အလှူရှင် ကျော်သာကုမ္ပဏီမိသားစုက ပံ့ပိုးလှူဒါန်းကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၀၇ ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ယမန်နှစ် ချန်ပီယံအသင်းများဖြစ်သည့် ရန်ကုန်တိုင်း အမျိုးသမီးအသင်း၊ မွန်ပြည်နယ် အမျိုးသားအသင်းနှင့် စွယ်စုံဒိုင်းဆုရ ရန်ကုန်တိုင်းအသင်းတို့က ဒိုင်းဆုကြီးများကို ဝန်ကြီးထံ ပြန်လည်အပ်နှံပြီး ဝန်ကြီးက (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲကို အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံ နှုတ်ဆက်ပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက် ရွတ်ဆိုသည်။

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့် ၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂျူဒိုပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

(အား/ကာ)

အာရှခရစ်ကက်အဖွဲ့ချုပ်မှ ကိုယ်စားလှယ်ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၈

ခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရေးအတွက် Asian Cricket Council(ACC)မှ Cricket Development Officer Mr. Mohammad Aminul Islam သည် ဒီဇင်ဘာ ၂၆ရက်ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်၊ အဖွဲ့ချုပ်ဘဏ္ဍာရေးမှူး Mr.Akhter၊ မြန်မာ့လက်ရွေးစင် ခရစ်ကက်အသင်း နည်းပြဆရာ ဦးမိုက်ကယ်မူဆာဂျီနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(အောက်ပုံ) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁၂-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး"(အပိုင်း-၂)**
၁:၁၅ ၆။ **"တို့ခြံထဲမှာ ခုတော့ဖြင့်ပျော်စရာ" (ရဲအောင်၊ကိုကိုလင်းမောင်၊ မင်းထက်ကျော်ဇင်၊ မေသန်းနု၊ယမင်းကိုကို) (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)**
၁:၅၀ ၇။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့(အပိုင်း-၁)
၂:၁၀ ၈။ မြစ်ရောအစနှင့်မြစ်ကျဉ်းများ၏အလှ(အပိုင်း-၁)
၂:၂၅ ၉။ အတီးပြိုင်ပွဲ
၂:၃၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၄၅ ၁၁။ International News.
၃:၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄:၄၅ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၅၀ ၅။ နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၅:၀၀ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဇော့
၅:၁၅ ၇။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ အလှရှာမယ်လှကမ္ဘာဝယ်
၆:၅၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ" (အပိုင်း-၁၉)**
၇:၄၀ ၁၃။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရှေးရှု "ယနေ့ကျန်းမာရေးတိုးတက်ဖြစ်ထွန်းမှုများ"
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း-၇)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံပြင်ပ၌ အင်အားအသင့်အတင့် မြေငလျင်လှုပ်

နေပြည်တော် ဒီဇင်ဘာ ၂၈

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၀၀ မိနစ် ၅၆ စက္ကန့်အချိန် ကမ္ဘာ့အေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၁၀၀ ခန့် ကွာဝေးသော (မြန်မာနိုင်ငံပြင်ပ) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ဒီဇင်ဘာ ၂၈ရက်က ပက်ရှ်ဝါမြို့တွင် ဘူတိုအား ထောက်ခံသူများက ကားတစ်စီးအား မီးရှို့ဖျက်ဆီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ နိုင်ငံတကာသတင်းများ

ထိုင်းနိုင်ငံတွင် ညွန့်ပေါင်းအစိုးရဖွဲ့ရေး မကြာမီ ထုတ်ပြန်ကြေညာမည်

ဗန်ကောက် ဒီဇင်ဘာ ၂၈

ထိုင်းနိုင်ငံတွင် ညွန့်ပေါင်းအစိုးရအဖွဲ့သစ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် သတင်းစာရှင်းလင်းပွဲ၌ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း မကြာမီက ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော ပြည်သူ့အာဏာပါတီ(ပီပီပီ)ခေါင်းဆောင် ဆာမက်ဆန်ဒါရာဝက်ဂျ်က ဒီဇင်ဘာ ၂၇ရက်တွင် ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ဒီဇင်ဘာ၂၃ရက်က ကျင်းပသော ရွေးကောက်ပွဲတွင် ပီပီပီပါတီ ထောက်ခံမဲအများဆုံးရရှိခဲ့သည်။ ပီပီပီပါတီသည် အမတ်နေရာ ၄၈၀ ရှိ အောက်လွှတ်တော်တွင် အမတ်နေရာ ၂၃၃ နေရာ ရရှိခဲ့ပြီး ယင်းပါတီ၏ အဓိကပြိုင်ဘက် ဒီမိုကရက်ပါတီက အမတ်နေရာ ၁၆၆ နေရာရရှိခဲ့သည်။

ပီပီပီပါတီဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအဖွဲ့တွင်ပါဝင်ရန် ပါတီငယ်သုံးပါတီမှ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်ဟု ပီပီပီပါတီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ပါကစ္စတန်ပါလီမန်ရွေးကောက်ပွဲ နာဝပ်ရှရစ်ဖ် သပိတ်မှောက်မည်

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၈

ပါကစ္စတန်နိုင်ငံတွင် အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့် ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲကို မိမိသပိတ်မှောက်မည်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင် နာဝပ်ရှရစ်ဖ်က ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

မိမိသည် ဘနာဇီဘူတို၏ ပါကစ္စတန်ပြည်သူ့ပါတီနှင့် သွေးစည်းညီညွတ်မှုကို ပြသသည့်အနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုကို ဖျက်သိမ်းကြောင်း ရှရစ်ဖ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ဘူတိုလုပ်ကြံခံရမှု စုံစမ်းစစ်ဆေးပေးရန် ပီပီပီပါတီ တာဝန်ရှိသူ တိုက်တွန်း

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၈

ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်း ဘနာဇီဘူတို လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ စုံစမ်းစစ်ဆေးပေးရန် မိမိတို့လိုလားကြောင်း ယင်းပါတီဒုတိယအကြီးအကဲ မာ့ခ်ဒွန်းအာမင်ဖာဟင်းက ဒီဇင်ဘာ ၂၈ရက်တွင် အစ္စလမ္မာဘတ်၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ပြောကြားသည်။

မိမိတို့ပါတီသည် ဘူတိုလုပ်ကြံခံရမှုအတွက် ကြေကွဲဝမ်းနည်းမှုကာလ ရက် ၄၀ သတ်မှတ်ထားကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ဘနာဇီဘူတို လုပ်ကြံခံရမှု ကုလအတွင်းရေးမှူးချုပ် ရှုတ်ချ

ကုလသမဂ္ဂ ဒီဇင်ဘာ ၂၈

ပါကစ္စတန်အတိုက်အခံခေါင်းဆောင် ဘနာဇီဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဒီဇင်ဘာ ၂၇ရက်တွင် ပြစ်တင်ရှုတ်ချလိုက်သည်။

ဘူတိုလုပ်ကြံခံရမှုသည် ပါကစ္စတန်နိုင်ငံ တည်ငြိမ်မှုကို ဖျက်ဆီးလိုက်ခြင်းပင် ဖြစ်ကြောင်း၊ ပါကစ္စတန်အရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးလျက်ရှိကြကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ဘူတိုအား လုပ်ကြံသတ်ဖြတ်သူများကို တရားဥပဒေအရ အမြန်ဆုံးအရေးယူ အပြစ်ပေးသင့်ကြောင်း ဘန်ကီမွန်းက ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ရဝါပင်ဒီမြို့တွင် ဘူတို လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅နိုင်ငံမှ သံတမန်များက တံခါးပိတ်စည်းဝေးခဲ့ကြပြီး ၎င်းတို့က တရားဝင်ကြေညာချက်တစ်ရပ် ထုတ်ပြန်မည်ဟု မျှော်လင့်ရကြောင်းကုလသမဂ္ဂတာဝန်ရှိသူများကပြောကြားသည်။

လုပ်ကြံခံရမှုနှင့် ပတ်သက်၍ မိမိတို့ ဆွေးနွေးလျက်ရှိသော်လည်း ယင်းနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ စပိန်နိုင်ငံမှ မာဆယ်လိုစပါတာဖိုရာက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ***

ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်းအကောင်အထည်ဖော်သည့် ပညာရေးစီမံချက်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၈

ပညာရေးဝန်ကြီးဌာနနှင့် ယူနီဆက်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပညာရေးစီမံချက်လုပ်ငန်းများဖြစ်သည့် ဘဝတွက်တာကျွမ်းကျင်စရာစီမံချက်၊ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် ပြုစုစောင့်ရှောက်ရေးစီမံချက်၊ အရည်အသွေးရှိသော ပညာရေးစီမံချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို မန္တလေးမြို့ အမှတ်(၂)အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၄ရက်၌ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ ယူနီဆက်ရုံးမှ ပညာရေးဌာနခွဲမှူး Ms. Niki Abrishamian၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ စီမံချက်တာဝန်ရှိသူများနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (ယာပုံ)

ရှင်းလင်းပြောကြား

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခုအကောင်အထည်ဖော် ဆောင်ရွက်နေသော စီမံချက်လုပ်ငန်းသုံးမျိုးသည် ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် ကလေးများအားလုံး မူလတန်းပညာအရည်အသွေး ပိုမိုပြည့်ဝစေရေး၊ မူလတန်းပညာကို ကလေးအားလုံး သင်ယူပြီးမြောက်ရေးကို ဦးတည်ဆောင်ရွက်ကြောင်းနှင့် စီမံချက် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြား ဆွေးနွေးသည်။

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံချက်လုပ်ငန်းများ ချောမွေ့စေရေးအတွက် ပညာရေးဌာန၏ ပင်မလုပ်ငန်းများ ဆောင်ရွက်ချိန်နှင့် စီမံချက်လုပ်ငန်းဆိုင်ရာသင်တန်းများ ပြုလုပ်ချိန် တိုက်ဆိုင်မှုမရှိစေရေးအတွက် တစ်နှစ်တာလုပ်ငန်းစီမံချက် (Work Plan) ကိုတင်ညှိနှိုင်းရေးဆွဲရန် ကိစ္စများ ပြောကြားသည်။ စီမံချက်တာဝန်ခံများက စီမံချက်လုပ်ငန်းများ၊ အသေးစိတ်တင်ပြချက်များအပေါ် ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်ကို အပြီးအပြတ်ရောင်းချမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာနအောက်ရှိ ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။

ထိုသို့ရောင်းချရာတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ အမျိုးသားစာကြည့်တိုက်သည် မြေဧရိယာ ၁၀ဒသမ ၆၉၂ ဧကကျယ်ဝန်းပြီး ကြမ်းခင်းဈေးငွေကျပ်သန်း ၁၃၀၄၄ ဒသမ ၄၉ ဖြင့် အပြီးအပြတ် ရောင်းချမည်ဖြစ်သည်။

တစ်ရက်တည်းတင်သွင်းရမည်

ဝယ်ယူလိုသူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂ ရက်မှစတင်၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်)၌ ဝယ်ယူနိုင်ပြီး ယင်းအဆိုပြုလွှာများကို ဖေဖော်ဝါရီ ၇ရက်တွင်သာ (တစ်ရက်တည်း) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

လျှောက်ထားသူများသည် သတ်မှတ်ထားသော ပုံစံ၌ ဖြည့်စွက်လျှောက်ထားရန်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်) ဖုန်း–၄၀၆၀၆၉သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ (သတင်းစဉ်)

သတိပေး နှိုးဆော်ချက်

၁။ ရန်ကုန်မြို့ကို သာယာလှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများနှင့် ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့် အခြားလိုအပ်သော ပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့် ပစ္စည်းများကို နှစ်သစ်ကူး ကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ စည်းကမ်းမဲ့သော ပြည်သူအချို့က အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ–၆(၁)အရ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် တရားခံ ၁၀ဦး၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် တရားခံ သုံးဦးတို့အား ထိရောက်သော ပြစ်ဒဏ်များ ချမှတ်၍ အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၇ ခုနှစ် ခရစ္စမတ်ပွဲတော်ကာလနှင့် ၂၀၀၇–၂၀၀၈ ခုနှစ် နှစ်သစ်ကူးရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးစေတီလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်းနေရာများ၊ ကန်တော်ကြီးဥယျာဉ်နှင့် ပြည်သူလူထုအပန်းဖြေရန် ဆောက်လုပ်ထားသည့် ဥယျာဉ်၊ ပန်းခြံများကို နေ့စဉ် နံနက် ၄နာရီမှ ည ၉နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ ရန်ကုန်မြို့ သာယာလှပစေရေးအတွက် ပြည်သူများ အပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် အခြားသောနေရာများရှိ ပန်းခြံများ၊ လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံးမီးဆိုင်းများ၊ ဆိုင်းဘုတ်များ စသည်တို့ကို ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သံပြားများဖြတ်တောက် ထုရိုက်သံဆူညံ

စာတည်းရှင့်–

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် သပြေညိုလမ်းအတွင်းရှိ အိမ်တစ်အိမ်တွင် မီးစက်ကြီးများထုတ်လုပ်ပြုပြင်ရောင်းဝယ်သည့် လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ နေ့စဉ် သံပြားများ ဖြတ်တောက် ထုရိုက်သံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သပြေညိုသူ

ဝက်ချေးနံ့ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား–

မြိတ်မြို့ မြိတ်တောင်နယ်မြေ သီဟဇေယျာဈေးလမ်း မူကြိုကျောင်းရှေ့ရှိ အိမ်တစ်အိမ်တွင် ဝက်များမွေးမြူလျက်ရှိရာ ဝက်ချေးနံ့များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့နံစော် နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဝက်ခြံအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မြိတ်မြို့သား

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား–

ရခိုင်ပြည်နယ် မောင်တောမြို့ အမှတ်(၄) ရပ်ကွက် ဦးဥတ္တမလမ်းနှင့် မင်းရဲကျော်စွာလမ်းများရှိ ရေနုတ်မြောင်းများမှာ စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်သရိုက်များ ပိတ်ဆို့နေပါသဖြင့် ရေနုတ်မြောင်းများအတွင်းမှ အနံ့အသက်ဆိုးများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေး ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် အနံ့အသက်ဆိုးများ ကင်းစင်စေရေး ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မောင်တောသား

ရွှေသန့်စင်လုပ်ငန်းကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၃) ရပ်ကွက် အိမ်အမှတ် (၆၃၇/၆၅၁)ကုန်သည်လမ်း (၂၉လမ်းနှင့် ရွှေဘုံသာလမ်းကြား) အဆောက်အအုံရှိ အခန်းနှစ်ခန်းတွင် ရွှေသန့်စင်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိရာ အက်စစ်ညှော်နံ့များကြောင့် အဆောက်အအုံနေသူများ၏ ကျန်းမာရေးထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ရွှေသန့်စင်လုပ်ငန်းအား ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အက်စစ်နံ့မခံနိုင်သူများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းရှင့်–

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက်တွင် ခွေးလေခွေးလွင့်များကြောင့် လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။ သို့ဖြစ်ပါ၍ ခွေးအန္တရာယ် ကင်းဝေးရေး ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လေးထောင့်ကန်သူ

ရေဆေးဆီထိုးအလုပ်ရုံဆူညံ၊ ဆေးနံ့ကန်

စာတည်းခင်ဗျား–

သဃ်္ဃန်းကျွန်းမြို့နယ် ဆယ်သိန်းရပ်ကွက် သုမင်္ဂလာအိမ်ရာ နဝရတ်လမ်းအတွင်း ကားရေဆေးဆီထိုး အလုပ်ရုံတစ်ခုရှိရာ ကားမောင်းသံ၊ ဟွန်းသံနှင့် ကားစက်ပေါ်လစ်တိုက်သံများ၊ ကားလေမှုတ်သံများ၊ အလုပ်သမားများ၏ ညစဉ်မူးယစ်သောက်စား ဆူညံအော်ဟစ်သံများ၊ ကားဘော်ဒီအလုပ်ရုံမှ ကားဆေးမှုတ်သည့် အနံ့အသက်ဆိုးများကြောင့် လမ်းသူ၊ လမ်းသားများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းကို လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ရွာလယ်ပိုင်းက အရက်ဆိုင် ညအချိန်ဆူညံ

စာတည်းခင်ဗျား–

ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကသဲဝင်အောက်စုကျေးရွာ အလယ်ပိုင်းတွင် အရက်ပုန်းဆိုင် နှစ်ဆိုင်ဖွင့်၍ ရောင်းချလျက်ရှိရာ မူးယစ်သောက်စားသူများ ညစဉ်အော်ဟစ်ဆဲဆို ဆူညံမှုများ ပြုလုပ်နေပါ၍ ရွာသူ၊ ရွာသားများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရက်ပုန်းဆိုင်နှစ်ဆိုင်အား ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသားများ

ပဲလှော်ဖိုညှော်နံ့ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း တိုက်ကြီးမြို့ ရှမ်းဘက်ဘူတာလမ်းရှိ ပဲလှော်ဖိုတစ်ခုသည် တာယာဟောင်းများကို အသုံးပြုပြီး ထင်းမီးအဖြစ် နေ့ညမပြတ် လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူများ

ရေဆိုးနှင့်ညှော်နံ့များဆောင်ရွက်ပြီးစီး

၁–၁၂–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကျိုက်လတ်မြို့နယ် အမှတ်(၆)ရပ်ကွက်မှ **ရေဆိုးနှင့်ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်နေ** ပေးစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော် ဈေးဆိုင်ခန်းများရောင်းချရက် ကြော်ငြာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၉ ခုနှစ် တပို့တွဲလဆန်း (၈)ရက်နေ့မှ လပြည့်ကျော်(၁)ရက်နေ့အထိ ၁၄–၂–၂၀၀၈ ရက်နေ့မှ ၂၂–၂–၂၀၀၈ရက်နေ့အထိ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆီမီးထွန်းညှိပူဇော်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ရုပ်သေး ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ဈေးဆိုင်ခန်းများကို အောက်ဖော်ပြပါ နေ့ရက်များအတိုင်း ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်–

(က)လူဟောင်းများဦးစားပေးရောင်းချရက်– (၁၉–၁–၂၀၀၈) မှ (၂၅–၁–၂၀၀၈)ထိ

(ခ) ဌာနဆိုင်ရာအဖွဲ့အစည်းများရောင်းချရက်– (၁၉–၁–၂၀၀၈) မှ (၂၅–၁–၂၀၀၈)ထိ

(ဂ) ကျန်ရှိဆိုင်ခန်းများအား –(၂၇–၁–၂၀၀၈) ရက်နေ့မှ စတင်၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွားမည်။

ဂေါပကအဖွဲ့
ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်
ဖုန်းနံပါတ်– ၀၅၆–၂၁၁၄၃၊ ၀၅၆–၂၂၀၃၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်များ
"ကွန်ပျူတာတက္ကသိုလ်များအတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာ ခေါ်ယူခြင်း"

၁။ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်၊ ကွန်ပျူတာတက္ကသိုလ်အသီးသီးတွင် ကွန်ပျူတာ မဟာဘွဲ့သင်တန်းများ၊ ကွန်ပျူတာဂုဏ်ထူးတန်းဘွဲ့ သင်တန်းများ၊ ကွန်ပျူတာသိပ္ပံ/ ကွန်ပျူတာနည်းပညာဘွဲ့ သင်တန်းနှင့် ဘွဲ့လွန် ကွန်ပျူတာဒီပလိုမာဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ် အသီးသီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင် လျှောက်လွှာ လျှောက်ထားလိုသူများသည် သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော ၂" x ၁½" အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ၍ **ဘွဲ့နှင်းသဘင်တက်ရောက်ရန်** (သို့မဟုတ်) **အဝေးရောက်ဘွဲ့ယူရန်** ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/–(ကျပ်တစ်ထောင်တိတိ)ကို သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်တွင် ပေးသွင်းရမည်။

၄။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်လျှောက်လွှာ ပေးပို့လိုသူများသည် လျှောက်လွှာနှင့်အတူပူးတွဲ၍ စာတိုက်ငွေပို့လွှာ (Postal money order) ဖြင့်ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း"ဟု ဖော်ပြပြီး သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့် လ၊ နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် လျှောက်လွှာနှင့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၆။ ဘွဲ့နှင်းသဘင် ကျင်းပမည့်နေရာ၊ နေ့ရက်နှင့် အစီအစဉ်များကို ဆက်လက်ကြေညာသွားမည်ဖြစ်ပါသည်။

လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်ဝေ(အငြိမ်းစား)
(တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန)–
ဒေါ်သန်းအေး (ဘဏ်အကျိုးဆောင်၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)တို့၏
တစ်ဦးတည်းသောသား
မောင်သိုက်သိုက်ထွန်း B.E (Mechanical), M.O.T. First Class
(A)Third Engineer-Uniteam Marine Ltd.
နှင့်
ရန်ကုန်မြို့နေ ဦးထွန်းကြည်(အငြိမ်းစား)(ပြန်ကြားရေးဝန်ကြီးဌာန)–
ဒေါ်စိန်မြတို့၏ သမီးထွေး
မနွယ်နွယ်ထွေး B.Sc (Zoology)
(အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)

တို့၏ ၂၂–၁၂–၂၀၀၇ နေ့တွင် I.B.C မင်္ဂလာခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဦးသောင်းညွန့် (တရားရုံးချုပ်)၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဦးဝင်းမောင် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)အဆင့်မြင့်ပညာဦးစီးဌာန]နှင့် ဇနီး ဒေါ်ဝင်းကြည် [ပါမောက္ခ(ငြိမ်း)ရက္ခဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်]၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဦးမောင်မောင်သန်း (မန်နေဂျင်းဒါရိုက်တာ၊ Maung Maung Than & Group Ltd.)နှင့်ဇနီး ဒေါ်လှလှရီ (ဒါရိုက်တာ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)တို့အား လည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်တက်ရောက်သော ဂုဏ်သရေရှိလူကြီးမင်းများ၊ မင်္ဂလာလက်ဆောင် ပစ္စည်းပေးပို့သော ဂုဏ်သရေရှိလူကြီးမင်းများ၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မမြတ်ကေသီ၊ မင်္ဂလာအောင်စံပယ် ပန်းကုံး ကိုင်ဆောင်ပေးသော မသီရိထက်၊ မင်္ဂလာ လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မမို့မို့မြင့်ဇံ၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော မဆုမြတ်သက်နှင့် သမီးလေး မပွင့်ဦးခင်၊ I.B.C ဗဟိုမန်နေဂျာနှင့် ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်း ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သိုက်သိုက်ထွန်း–မနွယ်နွယ်ထွေး

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်၅(ခ)၊ ဝင်္ကပါလမ်းနေ
ဦးဌေးအောင်–ဒေါ်စိန်စိန်တို့၏သား
မောင်အောင်မျိုး B.E (Metallurgy)
Toe Foundry
နှင့်
ရန်ကုန်မြို့၊ အမှတ်–၁၀၈၊
ပြည်ထောင်စုလမ်းနေ ဦးလှဌေး(ရွှေကျော်စက်မှုလက်မှု)–
ဒေါ်အေး(ရွှေကျော်စတိုး)တို့၏သမီး
မနီနီဦး (B.Com)
(ရွှေကျော်စတိုး)

တို့သည် ၂၅–၁၂–၂၀၀၇ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မျိုး–မနီနီဦး

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာနေ
ဦးဝင်းမြင့်–ဒေါ်သွင်သွင်ဝင်း [လ/ထ မန်နေဂျာ–(ငြိမ်း)မွေး/ရေဝန်ကြီးဌာန]တို့၏သားငယ်
မောင်ညီမျိုးအောင် Dip in Mechatronic (Temasek Polytechnic)
2nd Year Mechanical Engineering (NTU, Singapore)
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်နေ
ဦးစိုးမြင့်(ဒု–ညွှန်မှူး–ငြိမ်း၊လယ်/ဆည်ဝန်ကြီးဌာန)–
ဒေါ်မြို့သောင်း[အင်ဂျင်နီယာမှူး(ငြိမ်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း]တို့၏သမီးထွေး
မဖြူစင်စိုး B.E(Information Technology), Financial Services Consultants
(American International Assurance Co., Ltd. Singapore)

တို့၏ ၂၃–၁၂–၂၀၀၇နေ့တွင် ဘောက်ထော်နေအိမ်၌ ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပေးပါသော ပုဇွန်တောင်မြို့နယ် တရားသူကြီး ဒေါ်ဇင်ဇင်မာအားလည်းကောင်း၊ ၂၅–၁၂–၂၀၀၇ နေ့တွင် Sedona Hotel (Grand Ball Room) ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်မြင့်သိန်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် ဇနီး ဒေါ်မြသန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးစိုးသိန်းနှင့် ဇနီး ဒေါ်မော်မော်သန်းတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မထူးမျက်ချယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မသီရိန်အောင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဝေသီဂီလင်း၊ သတို့သားအရံ မောင်ဝင်းမြတ်ဘုန်း၊ မောင်လင်းအောင်ဇော်၊ သတို့သမီးအရံ မခင်ယုတင်၊ မသဲဆုဝေ၊ မင်္ဂလာဝတ်စုံ၊မိတ်ကပ်နှင့် အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ အခါတော်ပေးသီချင်း သီဆိုပေးသော မစိမ်းမို့မို့၊ Cupid Band တေးဂီတအဖွဲ့၊ မင်္ဂလာဗီဒီယိုနှင့် ဓာတ်ပုံ ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Royal Garden (မြက်ခင်းပြင်)၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် Sedona Hotel နှင့် Royal Garden မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ညီမျိုးအောင်–မဖြူစင်စိုး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးသောင်းရွှေ(အငြိမ်းစားကျောင်းအုပ်ဆရာကြီး)–ဒေါ်သန်းစိန်
တို့၏သားထွေး
မောင်မင်းထွေး(ခ)မင်းသွေး
B.A (Business Management), IADCS (UK)
Software Developer
(Singapore Computer Systems Ltd.)
နှင့်
(ဦးခင်မောင်ဌေး၊ ဗဟိုတရားရုံးချုပ်ရှေ့နေ)–ဒေါ်တင်မေရီ
တို့၏သမီးထွေး
မခိုင်ယဉ်မွန် B.Tech (IT) Software Developer

တို့သည် ၂၈–၁၂–၂၀၀၇ ရက်တွင် နှစ်ဖက်သောမိဘများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်မင်းထွေး(ခ)မင်းသွေး–မခိုင်ယဉ်မွန်

ထူးခြားသည့် ညအပူချိန်များ

၂၈–၁၂–၂၀၀၇

လွိုင်လင်
(–၁) ဒီဂရီစင်တီဂရိတ်
ပင်လောင်း
(၁) ဒီဂရီစင်တီဂရိတ်
နမ့်စန်နှင့် ဟားခါး
(၂) ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
(၃) ဒီဂရီစင်တီဂရိတ်

ဥတုရာသီ တောကိုမီ၏

ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက်လုံးဆိုင်ရာ နှစ်ကိုးပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်နှင့် လမ်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကျိုက္ကဆံ ရပ်ကွက်လုံးဆိုင်ရာ တေရသမအကြိမ် (၁၃) နှစ်မြောက် နှစ်ကိုးပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယ ပွဲတော် ဖွင့်ပွဲနှင့် ငမောက်လမ်း၊ ပုလဲလမ်းနှင့် မြလမ်းအပိုင်း သံကူကွန်ကရစ်လမ်း ဖွင့်ပွဲကို နိဗ္ဗာနမဂ္ဂကာရီ နှစ်ကိုးပ်ရှစ်ဆူ ဓမ္မာရုံတွင် ဒီဇင်ဘာ ၂၅ ရက်က ကျင်းပရာဗဟန်းမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်မွန်လတ်က အဖွင့် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဗဟန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး အဖွဲ့ဥက္ကဋ္ဌ ရန်ကင်းဦးကိုကိုလေး၊ ကျိုက္ကဆံရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်ညွန့်၊လမ်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ကျေးဇူးတင်စကားများ ပြောကြားပြီး မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး အဖွဲ့ဥက္ကဋ္ဌ၊ လမ်းဖြစ်မြောက်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် စတင်မ,တည် အလှူရှင် ဦးခင်မောင်ဇော် (Good Top) ဆောက်လုပ်ရေးတို့က အခမ်းအနားများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ကျိုက္ကဆံရပ်ကွက်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် နှစ်ကိုးပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားများအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ ရွှေ သင်္ကန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ သံဃာတော် အရှင်သူမြတ်များက ပရိတ်တရား တော်များ ရွတ်ပွားပူဇော်ခြင်း စသည်ဖြင့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာ အစီအစဉ်များဖြင့် ပူဇော်ကြကြောင်း သတင်းရရှိသည်။ (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် ဒီဇင်ဘာ ၂၈

၁။ **မိုင်းဖြတ်မြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု။**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဝမ်လုံးကျေးရွာ အုပ်စု ယန်းခမ်းကျေးရွာ၌ ၂၃–၁၂–၂၀၀၇ ရက်မှစတင်၍ တိုင်းရင်းကြက်အချို့ ပုံမှန်မဟုတ်သောသေဆုံးမှုရှိကြောင်း သတင်းရရှိသဖြင့် ကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်ခွဲခန်းဆိုင်ရာ စမ်းသပ်စစ်ဆေးခြင်း အဆင့်ဆင့်ပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ် H5N1 ကို ၂၇–၁၂–၂၀၀၇ ရက်တွင် အတည်ပြုစစ်ဆေးနိုင်ခဲ့ပြီး ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး အစီအစဉ်အရ လိုအပ်သောအရေးယူဆောင်ရွက်မှုများဖြစ်သည့် ကန့်သတ်ဇုန်၊ ထိန်းချုပ်ဇုန်များသတ်မှတ်ခြင်း၊ ကန့်သတ်ဇုန်အတွင်းရှိ ကြက်၊ ငှက်၊ ဘဲတို့ကို သုတ်သင်ရှင်းလင်းခြင်း၊ ကြက်ဘဲခြံများကို ပိုးသတ်ဆေးဖျန်းခြင်း၊ မိုင်းဖြတ်မြို့နယ်အတွင်း ကြက်ငှက်ရောင်းချမှု ပိတ်ပင်ခြင်း၊ ရွှေ့ပြောင်းသယ်ဆောင်မှု တားမြစ်ခြင်း၊ ဇီဝလုံခြုံမှု အစီအမံများတိုးမြှင့်ခြင်းနှင့် လူထုပညာပေး လုပ်ငန်းများ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂။ **ရောဂါကူးစက်မှုအရင်းအမြစ်။** ရောဂါပိုးသည် ၁၈–၁၂–၂၀၀၇ ရက်တွင် ကျိုင်းတုံမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် ဆက်နွယ်၍ ခုန်ကျော်ကူးစက်သည်ဟု သုံးသပ်ရရှိပါကြောင်း။

၃။ **သတိပေးနှိုးဆော်ချက်**

(က) နယ်စပ်တစ်လျှောက် နယ်စပ်ဖြတ်ကျော် ရောဂါများ ကာကွယ်ထိန်းချုပ်မှုအတွက် ကြက်၊ ဘဲ၊ ငှက်အရှင်နှင့် ၎င်းတိရစ္ဆာန်ထွက်ပစ္စည်းများ ဖြတ်သန်းသယ်ဆောင်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုမရှိစေရေးအတွက် တိရစ္ဆာန် ကျန်းမာရေးသတိဖြင့် ကာကွယ်တားဆီးရန်။
(ခ) တိုင်းရင်းကြက်များ၊ ဘဲများ မွေးမြူခြင်းကို ဇီဝလုံခြုံမှု မြှင့်တင်ရေး အစီအမံများအရ စနစ်တကျမွေးမြူရန်။
(ဂ) ကြက်နှင့် အခြားတိရစ္ဆာန် ဘဲ၊ ငုံး၊ မန်ဒါလီ၊ ဝက် စသည်တို့နှင့် ရောနှောမွေးမြူခြင်းမပြုရန်။
(ဃ) ကြက်၊ ဘဲ၊ ငုံး၊ မန်ဒါလီများ ဖျားနာသေဆုံးမှုရှိလျှင် ရိုးရိုးရောဂါဖြင့်သေဆုံးသည်ဟု သဘောမထားဘဲ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ သတင်းပို့ရန်။
(င) ကြက်ခြံအတွင်းဝင်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်။
(စ) ကြက်၊ ဘဲနှင့် အသုံးအဆောင်ပစ္စည်းများ ကိုင်တွယ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန်။
(ဆ) ရောဂါဖြစ်ပွားသည့် ကြက်ငှက်များနှင့် ယင်းကြက်ငှက် ထွက်ပစ္စည်းများကို စားသုံးခြင်း၊ ရောင်းချခြင်းမပြုရန်။
(ဇ) ကြက်ငှက်အသေကောင်များ၊ ကြက်ငှက်စွန့်ပစ်ပစ္စည်းများကို ဆေးဖျန်းမြေမြှုပ်၍ စနစ်တကျစွန့်ပစ်ကြရန်။
(ဈ) ကြက်သား၊ ဘဲသားကို ပွက်ပွက်ဆူအောင် ချက်ပြုတ်စားသောက်ရန်။
(ည) ကြက်ဥ၊ ဘဲဥများကို အတွင်းအနှစ်ကျက်အောင် ကြော်/ချက်ပြီးမှ စားသောက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
အင်ဂျင်နီယာသင်တန်းသားများ
အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၁)** ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၉)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)**ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် **၁၀-၁၂-၂၀၀၇** ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး **၃-၁-၂၀၀၈** ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/ တိုင်း/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့် ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီအထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီအထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၆)** ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ် စာမေးပွဲအောင်မြင်သူများကို **ဟိုပုန်းမြို့**(တောင်ကြီးခရိုင်)တွင် လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့် သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **(၃၀-၁-၂၀၀၈) မှ (၂-၂-၂၀၀၈)** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၂၅၀၀၀/-)၊ ဒုတိယနှစ်(၂၆၀၀၀/-)ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့် စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ A.G.T.I (Diploma) လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်။

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ချီတက်အလေးပြု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ကျောင်းဆင်း ဗိုလ်လောင်း တပ်ခွဲများ ချီတက် အလေးပြုကြစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၈

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြား သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

ကြေးမုံ The Mirror
ဆောင်းပါးအညွှန်း

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဓိကဖြစ်ပွားလေ့ရှိသည့် နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အူမကြီးကင်ဆာနှင့် ဆီးချိုရောဂါ စသည်တို့ကို ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းမှာ လမ်းလျှောက်ခြင်းသာဖြစ်ကြောင်း သိရှိရသည်။

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)၏

"ကြွခိုင်ကျန်းမာ လမ်းလျှောက်ပါ" (ဆောင်းပါး)

စာမျက်နှာ—၆



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သာသာယာယာ

(၂၉-၁၂-၂၀၀၇)

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။